ကြေးမုံ

The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လကွယ်၊ အင်္ဂါနေ့၊ (26-8-2003) (၃၉၇၄)

မာတာပိတု ဥပဋ္ဌာနံ၊ တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ယနေ့ထုတ်စောင်ရေ ၂၁၀၅၇၂

နိုင်ငံတော်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၅/၂၀၀၃)

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

နိုင်ငံတော်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား အတွက် အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များ ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဗိုလ်ချုပ်ကြီးခင်ညွန့်အား နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အတွင်းရေးမှူး(၁) တာဝန်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၆/၂၀၀၃)

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) တာဝန်ပေးအပ်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) အဖြစ် ယနေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အတွင်းရေးမှူး(၂) တာဝန်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၇/၂၀၀၃)

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၂) တာဝန်ပေးအပ်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) အဖြစ် ယနေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့မီးရထား ဝန်ထမ်းများစွမ်းအားဖြင့် ပုံညာတောင်ဥမင် ဖောက်လုပ်မှုအောင်မြင် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ပခုက္ကူ–ဂန့်ဂေါ– ကလေး ရထားလမ်းပိုင်းရှိ ပုံညာတောင်ဥမင်ဖောက်လုပ်ရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကာယ၊ ဉာဏ လုပ်သားများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် ပုံညာတောင် ဥမင်(အရှေ့) ရှင်းလင်းဆောင်၌ကျင်းပရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်တာဝန်ရှိသူများ၊ ကာယ၊ ဉာဏ လုပ်သားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ပုံညာတောင်ဥမင်ကို ပြည်ပ ပညာရှင်မပါဘဲ မြန်မာ့မီးရထားမှ အရာထမ်း၊ဝန်ထမ်းများ၏ စွမ်းအားဖြင့် ဖောက်လုပ်ခဲ့ရာ ၂၀၀၃ခုနှစ်မေ ၁၃ရက်တွင် အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ မြန်မာ့မီးရထား၏ ထူးခြားသော စွမ်းဆောင်မှုဖြစ်ကြောင်း၊ ဤသို့ အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ခြင်းကြောင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ကာယ၊ ဉာဏလုပ်သားများအား ဂုဏ်ပြုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငါးနှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့သူများနှင့် သုံးနှစ်အထက် တာဝန် ထမ်းဆောင်ခဲ့သူများအား ဝန်ကြီးကလည်းကောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

သတင်း၊ ဆောင်းပါး အညွှန်း

ရှေ့နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ် ပြန်လည် အရွေးခံရမည်ကို မလိုလားသူဦးရေ များပြားလာ။

(နိုင်ငံတကာ သတင်းများ– ၃၊၄၊၅)

ဒီကနေ့မြန်မာနိုင်ငံအဖို့ မိမိတို့လူ့အဖွဲ့အစည်း ရောက်ရှိနေတဲ့ လူမှုဘဝလမ်းကြောင်းမှန်ပေါ်ကသာ ဒီမိုကရေစီနိုင်ငံ ထူထောင်သွားနိုင်မယ်ဖြစ်ပါတယ်။

(အောင်မိုးစံ၏ ဆောင်းပါး၊ စာ–၆)

သာသနာတော်၏ မူလဖြစ်သော ပရိယတ္တိ စာပေ လေ့လာမှုတွင် မြန်မာနိုင်ငံကဲ့သို့ အပြည့်အစုံ လေ့လာ သင်ကြားသောနိုင်ငံ မရှိ။

(အရှင် အာဒိစ္စဝံသ၏ ဆောင်းပါး၊ စာ–၇)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၆-၈-၂၀၀၃
(အင်္ဂါနေ့)

ကလေးငယ်များ ပညာရေးထောက်ကူ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးလှူ

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းလာစေရန် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာရေး အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားရေးစွမ်းအားစုအားလုံး၏ အရင်းအမြစ်ဖြစ်သော ကျောင်းသူ၊ ကျောင်းသားလူငယ်များ ပညာသင်ကြားရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးတို့အတွက် အဘက်ဘက်ကပြည့်စုံစေရန် ဖြည့်ဆည်းသင်ကြားပေးလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ညောင်ရွာရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းနှင့် ဒိုင်စုရွာရှိ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတို့၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားများကို ဩဂုတ်လ ၂၃ ရက်က အဆိုပါကျောင်းများ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဆိုပါ လှိုင်သာယာမြို့နယ်အတွင်းရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတို့၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ပြီး အလှူရှင်များက ကျောင်းများအတွက်လှူဒါန်းသည့် အလှူငွေများကို လက်ခံ၍ သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား လွှဲပြောင်းပေးအပ်ခဲ့သည်။

နိုင်ငံတော်က ပညာရေးကဏ္ဍတွင် ကျောင်းသူ၊ ကျောင်းသားများ ပညာအရည်အသွေး တိုးတက်မြင့်မားစေရေးအတွက်သာမက ပညာသင်ကြားရာ ကျောင်းများကိုလည်း ကျောင်းအင်္ဂါရပ်များနှင့် ညီညွတ်မှုရှိစေရန် အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်နိုင်ငံလုံးတွင် အခြေခံပညာကျောင်းပေါင်း ၄၀၀၉၉ ကျောင်းရှိသည့်အနက် ကျောင်းပေါင်း ၅၅၀၀ကျော်မှာ ပြုပြင်မွမ်းမံဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိသည်။ အဆိုပါကျောင်းများကို နိုင်ငံတော်အစိုးရကလည်းကောင်း၊ နိုင်ငံတော်နှင့် စေတနာရှင်များ ပူးပေါင်း၍လည်းကောင်း ပြုပြင်မွမ်းမံလျက်ရှိသည်။

အချို့သောကျောင်းများကို စေတနာရှင်များသက်သက်ဖြင့်လည်းကောင်း၊ ယခုလှိုင်သာယာမြို့နယ်တွင် ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းကဲ့သို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့်လည်းကောင်း အရှိန်အဟုန်ဖြင့် ပြုပြင်မွမ်းမံတည်ဆောက်ပေးလျက်ရှိသည်။

အခြေခံပညာကဏ္ဍတွင် အနှစ်(၃၀) နှစ်ရှည်စီမံကိန်း ပထမနှစ်တိုငါးနှစ်စီမံကိန်းကာလအတွင်း ကျောင်းနေအရွယ် ကလေးအားလုံးမူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေလာစေရေးအတွက် ဗဟိုအဆင့်မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်အထိ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ယခုပညာသင်နှစ်တွင် ကလေးသူငယ် ၉၅ ရာခိုင်နှုန်းကျော် ကျောင်းသို့ အပ်နှံရောက်ရှိလာခဲ့သည်။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် မိဘပြည်သူစေတနာရှင်များ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကလေးငယ်များ ကျောင်းနေနှုန်းမြင့်မားတိုးတက်လာလျက်ရှိသည်။ ထို့အပြင် ကလေးငယ်များ အတန်းတင်နှုန်း၊ ကျောင်းနေမြဲသည့်နှုန်းများလည်း တိုးတက်လာလျက်ရှိကြောင်း သိရသည်။

၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်းသားပေါင်း ငါးသန်းနှစ်သိန်းသာ ရှိခဲ့ရာမှ ယခုအခါ အခြေခံပညာကျောင်းသားပေါင်း ရှစ်သန်းကျော်ပညာသင်ကြားလျက်ရှိပြီဖြစ်သည်။ ယင်းသို့တိုးပွားလာသော ကျောင်းသူ၊ ကျောင်းသားများအတွက် လုံလောက်သော ကျောင်းဆောင်များ၊ ခေတ်မီသင်ထောက်ကူ စာသင်ခန်းများသည် လိုအပ်လာလျက်ရှိပေသည်။

သို့ဖြစ်ရာ နှစ်စဉ် တိုးတက်လာလျက်ရှိသော အခြေခံပညာကျောင်းသူ၊ ကျောင်းသားကလေးငယ်များ၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ဆောင်များ၊ ခေတ်မီသင်ထောက်ကူ စာသင်ခန်းများကို နိုင်ငံတော်နှင့်အတူ စေတနာရှင်များ၊ ဌာနများကဆက်လက်၍ ဆောက်လုပ်ပေးလှူနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၃ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ လှိုင်မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးတို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ စစ်ဒေသမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ တပ်နယ်မှူးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊အရာခံ၊ အကြပ်၊စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ၂၀၀၃ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး နောက်ဆုံးဗိုလ်လုပွဲအဖြစ် အမှတ်(၁)တပ်ထိန်းတပ်ခွဲ အမျိုးသမီးဘော်လီဘောအသင်းနှင့် ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် အမျိုးသမီးဘော်လီဘောအသင်းတို့၏ ယှဉ်ပြိုင်မှုကိုလည်းကောင်း၊ ဗဟိုတပ်ထိန်းတပ် အမျိုးသား ဘော်လီဘောအသင်းနှင့် အမှတ်(၁)တပ်ထိန်းတပ်ခွဲ အမျိုးသားဘော်လီဘောအသင်းတို့၏ ယှဉ်ပြိုင်မှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘော်လီဘောအားကစား အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမှတ်(၁) တပ်ထိန်းတပ်ခွဲ တပ်မှူး ဗိုလ်မှူးဝင်းမြင့်ထွန်းက တပ်မတော် ဘော်လီဘော ဒိုင်လူကြီးများအား အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

ဆုချီးမြှင့်

ဆက်လက်၍ တာဝန်ရှိသူများက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်အသင်း၊ ပထမဆုရရှိသည့် အမှတ်(၁) တပ်ထိန်းတပ်ခွဲ အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဗဟိုတပ်ထိန်းတပ်အသင်းနှင့် ပထမဆုရရှိသည့် အမှတ်(၁) တပ်ထိန်းတပ်ခွဲ အသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်းဆုများကိုလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး ဘော်လီဘောအားကစားသမားဆုရ အမှတ်(၁) တပ်ထိန်းတပ်ခွဲ အသင်းမှ မစန္ဒာလွင်နှင့် အကောင်းဆုံး အမျိုးသားဘော်လီဘော အားကစားသမားဆုရ အမှတ်(၁)တပ်ထိန်းတပ်ခွဲ အသင်းမှ တပ်သားဇော်ထွန်းနိုင်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသမီးဘော်လီဘော တံခွန်စိုက်ဆုရ အမှတ်(၁) တပ်ထိန်းတပ်ခွဲအသင်းအား တိုင်းမှူး၏ ဇနီး ဒေါ်ခင်သက်ဌေးက လည်းကောင်း၊ အမျိုးသားဘော်လီဘောတံခွန်စိုက်ဆုရ အမှတ်(၁) တပ်ထိန်းတပ်ခွဲ အသင်းအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဩဂုတ် ၂၃ရက်က စမ်းချောင်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၂-၂၀၀၃ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ဆက်တိုက်ပညာထူးချွန် ပထမဆုရရှိသော မောင်ပြည့်ဖြိုးဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီက ဆုချီးမြှင့်စဉ်။ (က-ပ)

အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးက ကြီးမှူး၍ ဩဂုတ် ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သော တတိယအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် မန္တလေးမြို့၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၌ ကျင်းပရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်မြတ်ငွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တပ်နယ်တပ်ရင်း တပ်ဖွဲ့မှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)နှင့် အနုပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် အကဲဖြတ်အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ အနုပညာဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများအား တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ မျက်လှည့်စွမ်းရည်ပြကွက်နှင့် အငြိမ့်တို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ၌ ပြိုင်ပွဲ အမျိုးအစားအလိုက် အဖွဲ့လိုက်နှင့် တစ်ဦးချင်းဆု ရရှိကြသူများအား တိုင်းမှူး၏ ဇနီး၊ ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ရွှေကံ့ကော် အဋ္ဌမတန်းသချာ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၅

ရွှေကံ့ကော် ပညာရေးဝန်ဆောင်စာပေမှ သင်ထောက်ကူပြုစာအုပ်များ ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခု ဆရာဦးဗိုထွန်း B.Sc, B.Ed ရေးသားပြုစုသည့် ရွှေကံ့ကော်အဋ္ဌမတန်း သင်္ချာ အတွဲ(၁)+(၂)တွက်နည်းစုံ သင်ရိုးကုန် စာအုပ်ကို အမှတ်(၆၅) ဘဏ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၇၀၀၇၄၁နှင့် ၇၂၀၇၇၅က ဖြန့်ချိလိုက်သည်။ **(ဝဲပုံ)** (က-ပ)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မပြောက်နဲ့

* ခြောက်တိုင်းလည်း မကြောက်နဲ့

* ချော့တိုင်းလည်း မပျော့နဲ့

အမေရိကန်ပြည်သူ ထက်ဝက်နီးပါး သမ္မတဘုရှ် ပြန်လည်အရွေးခံရမည်ကို မလိုလား

ဝါရှင်တန် ဩဂုတ် ၂၄

ရှေ့နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် ပြန်လည်အရွေးခံရမည်ကို မလိုလားသူဦးရေမှာ များပြားလာကြောင်းနှင့် အီရတ်တွင် အမေရိကန်စစ်သားများ အချိန်ကြာရှည်စွာ တာဝန်ထမ်းဆောင်ရာ၌ နိုင်ငံတော် ကုန်ကျစရိတ်များမည်ကို ပြည်သူတို့ စိုးရိမ်နေကြကြောင်း နယူးစ်ဝိခ်မဂ္ဂဇင်း၏ ပြည်သူ့သဘောထားကောက်ယူမှု စစ်တမ်းအရ သိရသည်။

သမ္မတဘုရှ် ဒုတိယအကြိမ် သမ္မတသက်တမ်းတွင် ဆက်လက်တာဝန်ယူရေးကို လိုလားသူ ၄၄ ရာခိုင်နှုန်းရှိပြီး မလိုလားသူ ၄၉ ရာခိုင်နှုန်းရှိသည်ကို ပထမဆုံးအကြိမ် တွေ့ရသည်။ ၂၀၀၄ ခုနှစ် နိုဝင်ဘာ သမ္မတရွေးကောက်ပွဲတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အမိမြေလုံခြုံရေးတို့မှာ အရေးအကြီးဆုံးဖြစ်သည်ဟု သဘောထားသူ ၂၃ ရာခိုင်နှုန်းသာရှိပြီး ယခုအခါ စီးပွားရေးနှင့် အလုပ်အကိုင်ပြဿနာ ဖြေရှင်းသည့် အဆုံးအဖြတ်ပြုမည့် ကိစ္စများဖြစ်သည်ဟု ခံယူသူ ၄၈ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြနေသည် ဆို၏။ အင်တာနက်။

ဒီမဲလိုး၏ တာဝန်ဝတ္တရားများ အပြီးသတ်ဆောင်ရွက်မည်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အခိုင်အမာ ပြော ကြား

ရီယိုဒီဂျနေရို(ဘရာဇီး) ဩဂုတ် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဗုံးပေါက်ကွဲမှုတွင် ကွယ်လွန်ခဲ့သည့် ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလိုး၏ တာဝန်ဝတ္တရားများကို အပြီးသတ် လုပ်ဆောင်သွားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဒီမဲလိုးအား ပုဂ္ဂိုလ်ရေးရာအရ ဂုဏ်ပြုရင်း စနေနေ့တွင် အခိုင်အမာ ပြောကြားလိုက်သည်။ ဆာဂျီယိုဒီမဲလိုးအား ဘရာဇီးသမ္မတ လူးဝစ်အင်နာစီယိုလူလာဒါဆီလ်ဗာက အမျိုးသားသူရဲကောင်းအဖြစ် အမွှမ်းတင် ပြောကြားသည်။

ကိုဖီအာနန်နှင့် လူးဝစ်အင်နာစီယိုလာဒါဆီလ်ဗာတို့သည် ဒီမဲလိုး၏ ဇာတိမွေးရပ်မြေ ရီယိုဒီဂျနေရိုတွင် ထားရှိသည့် ဒီမဲလိုး၏ ရုပ်အလောင်းအား လာရောက်ကြည့်ရှု ဂုဏ်ပြုခြင်းဖြစ်သည်။

အီရတ်ရှိ ကုလသမဂ္ဂမစ်ရှင်ကို မရုပ်သိမ်းသင့်ဟူသည့်ဆန္ဒမှာ ဒီမဲလိုး သေအံ့ဆဲဆဲအထိ မျှော်မှန်းသွားသော ဆန္ဒဖြစ်ကြောင်း၊ ၎င်းမျှော်မှန်းချက်ကို မိမိတို့ အလေးထားကြရန် လိုအပ်ကြောင်း၊ လွတ်လပ်ပြီး အချုပ်အခြာပိုင်စိုးသော အီရတ်နိုင်ငံ ဖြစ်မြောက်ရေးကို အသက်စွန့်လွှတ် အနစ်နာခံသွားခဲ့သည့် ဒီမဲလိုးအနေဖြင့် ဆောင်ကြဉ်းနိုင်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်တွင် ဗုံးဖောက်ခွဲမခံရမီနှင့် မသေဆုံးမီအချိန်တွင် ဒီမဲလိုးသည် အီရတ်နိုင်ငံ သိမ်းပိုက်ရေး အမေရိကန်နှင့် ဗြိတိသျှစစ်သားများနှင့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ ကြိုးပမ်းမှုများကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး ကုလသမဂ္ဂမစ်ရှင်အား အီရတ်နိုင်ငံတွင် ထားရှိရေးကို မစွန့်ပယ်ရန် တိုက်တွန်းခဲ့သည်။

အမျိုးသားသူရဲကောင်း

မိမိတို့က ဆာဂျီယိုဒီမဲလိုးအား အမျိုးသားသူရဲကောင်းဟု မှတ်ယူသင့်ကြောင်း၊ ပိုမိုကောင်းမွန်ကာ ငြိမ်းချမ်းသာယာပြီး လူယဉ်ကျေးများ နေထိုင်ရာ ကမ္ဘာကြီး ဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်းရာတွင် ဆာဂျီယိုဒီမဲလိုးသည် ရေကုန်ရေခန်း ဆောင်ရွက်ခဲ့ကြောင်း ဘရာဇီးသမ္မတက ဒီမဲလိုး၏ မိခင်ကြီးအား ပြောကြားသည်။

ဆာဂျီယိုဒီမဲလိုး၏ နောက်ဆုံးခရီးစဉ်သည် လေအိတ်ပုလွေများ တီးမှုတ်ရင်းဖြင့် ဘဂ္ဂဒက်မြို့တွင် စတင်ကျင်းပခဲ့သည်။ ဒီမဲလိုး၏ ရုပ်အလောင်းအား သယ်ယူသည့် လေယာဉ်ပျံသည် ဂျီနီဗာတွင် ဆိုက်ရောက်မည်ဖြစ်ပြီး ရီယိုဒီဂျနေရိုမြို့သို့ ဆက်လက်မသယ်ဆောင်မီ ၎င်း၏ မိသားစုများက ကြည့်ရှုဂုဏ်ပြုကြမည်ဖြစ်သည်။ ဆာဂျီယိုဒီမဲလိုး၏ ရုပ်ကလာပ်ကို ၎င်းနေထိုင် လူလားမြောက်ခဲ့ရာ ပြင်သစ်နိုင်ငံတွင် သင်္ဂြိုဟ်မည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံရသည့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးမှူး ရာမီရိုလိုပက်ဇ်ဒါဆီလ်ဗာ(အလယ်လူ)**အား သတင်းထောက်များ ဝိုင်းဝန်းမေးမြန်းနေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၌ အမေရိကန်စစ်သည် သေဆုံးရသမျှ

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သည့်တပ်များ စစ်ဆင်ရေးစတင်သည့် အချိန်မှစ၍ ဩဂုတ် ၂၂ ရက် သောကြာနေ့ထိ အီရတ်နိုင်ငံအတွင်း သေဆုံးသည့် အမေရိကန်စစ်သားပေါင်း ၂၇၃ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်များအရ သိရသည်။

အီရတ်၌ ဗြိတိန်စစ်သား စုစုပေါင်း သေဆုံးသူ ၄၅ ဦးရှိကြောင်း ဗြိတိန်အစိုးရက ကြေညာသည်။ ဒိန်းမတ်စစ်သားတစ်ဦးလည်း အီရတ်၌ သေဆုံးသည်ဟု ဒိန်းမတ်နိုင်ငံ စစ်ဘက်က ကြေညာသည်။

အမေရိကန်သမ္မတ ဘုရှ်က အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း မေလ ၁ ရက်နေ့က ကြေညာပြီးနောက် သေဆုံးသူ အမေရိကန်စစ်သားပေါင်း ၁၃၅ ဦးရှိပြီဟု နောက်ဆုံးထုတ်ပြန်သည့် အမေရိကန် စစ်ဘက်ကြေညာချက်အရ သိရသည်။ ***အင်တာနက်။***

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ယာယီအထူးကိုယ်စားလှယ် ခန့်အပ်

ကုလသမဂ္ဂ ဩဂုတ် ၂၅

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂအဖွဲ့ဝင်များကို ဦးစီးဦးဆောင်ပြုကာ လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်နိုင်ငံရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့ အကြီးအကဲဖြစ်သူ လိုပက်ဇ်ဒါဆီလ်ဗာကို အီရတ်နိုင်ငံဆိုင်ရာ ယာယီကုလသမဂ္ဂ အထူးကိုယ်စားလှယ်အဖြစ် ကွယ်လွန်သူ ဆာဂျီယိုဒီမဲလိုး၏ နေရာတွင် အစားထိုးခန့်အပ်လိုက်သည်။

တာဝန်ထမ်းဆောင်ခဲ့

လိုပက်ဇ်ဒါဆီလ်ဗာသည် အသက် (၅၄)နှစ်ရှိပြီး ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့ အကြီးအကဲအဖြစ် အီရတ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်နှစ်ကျော်မှ စတင်ကာ တာဝန်ထမ်းဆောင်လာခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်မှစတင်ကာ ကုလသမဂ္ဂအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ***စီအင်န်အင်န်။***

တရုတ်အမျိုးသမီးများ စီးပွားရေးတွင် အောင်မြင်

ဘေဂျင်း ဩဂုတ် ၂၄

ကုလသမဂ္ဂ အမျိုးသမီးဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့နှင့် တရုတ်နိုင်ငံ အမျိုးသမီး လုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်း သုတေသနပြုချက်အရ အမျိုးသမီး စီမံခန့်ခွဲသူများတွင် ပင်ကိုသဘာဝအရ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများ ရှိကြောင်း သိရသည်။

အဆိုပါ သုတေသနအရ တရုတ်နိုင်ငံ၏ ကုမ္ပဏီ ၂၀ ရာခိုင်နှုန်းခန့်ကို အမျိုးသမီးများက စီမံခန့်ခွဲအုပ်ချုပ်လျက်ရှိသည်။ အမျိုးသမီးများ ဦးစီးသည့် ကုမ္ပဏီ ၉၈ ရာခိုင်နှုန်းမှာ အမြတ်အစွန်းများ ရရှိလျက်ရှိကြောင်း သိရသည်။

အမျိုးသမီးများသည် ယောကျ်ားများလောက်နီးနီး ဖွဲ့ရှိကြကြောင်း၊ ၎င်းတို့သည် ရည်မှန်းချက် ပန်းတိုင်ချမှတ်ထားကြပြီး ဆက်လက်၍ ရဲရဲဝံ့ဝံ့ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသမီးလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးဖြစ်သူ အမျိုးသမီးတစ်ဦးက ဘေဂျင်းမြို့၌ သောကြာနေ့က ကျင်းပသော ကိုးကြိမ်မြောက် တရုတ်အမျိုးသမီးများ ညီလာခံ၌ ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်သစ်နိုင်ငံတွင် အပူလှိုင်းကျရောက် လူ ၁၀၀၀၀ ခန့်သေဆုံးနိုင်

ပါရီ ဩဂုတ် ၂၅

ပြင်သစ်နိုင်ငံတွင် ယခုလအတွင်း အပူလှိုင်းရိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၁၀၀၀၀ ခန့်ထိ ရှိလာနိုင်ကြောင်း ပြင်သစ်အစိုးရက ပြောကြားခဲ့ရာ ယခင် ခန့်မှန်းထားသည်ထက် နှစ်ဆခန့် မြင့်တက်လာသည်။ ပြင်သစ်သမ္မတက ကျန်းမာရေးစနစ် ပြုပြင်ရန် ကတိပြု ပြောကြားခဲ့သလို လူမှုအဖွဲ့အစည်းအတွင်း သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်မှုမရှိခြင်းကိုလည်း ပြစ်တင်ဝေဖန်ခဲ့သည်။ အပူလှိုင်းဒဏ်ကြောင့် သေဆုံးရသူများအနက် အများစုမှာ အသက်(၈၅)နှစ်ကျော် သက်ကြီးရွယ်အိုများဖြစ်သည်။ ***စီအင်န်အင်န်။***

ကုလသမဂ္ဂ အထူးသံတမန် ဒီမဲလိုး၏ ရုပ်ကလာပ် ဇာတိနိုင်ငံ ဘရာဇီးသို့ သယ်ဆောင်ရောက်ရှိ

ရီယိုဒီဂျနေရို ဩဂုတ် ၂၄

ကုလသမဂ္ဂ၏ အီရတ်နိုင်ငံဆိုင်ရာ အထူးသံတမန် ဆာချီယိုဒီမဲလိုး၏ ရုပ်ကလာပ်ကို သယ်ဆောင်လာသည့် ဘရာဇီး လေတပ်မတော် ဂျက်လေယာဉ်ကြီးသည် ဘရာဇီးနိုင်ငံရှိ ၎င်း၏ မွေးရပ်ဇာတိသို့ ဆိုက်ရောက်လာသည်။

စနေနေ့တွင် ပြုလုပ်မည့် ဆာဂျီယိုဒီမဲလိုး အောက်မေ့ဖွယ် ဆုတောင်းပွဲသို့ တက်ရောက်မည့် ပရိသတ်ထဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ဘရာဇီးနိုင်ငံ သမ္မတ လူလာဒါဆီလ်ဗာတို့ ပါဝင်သည်။

ကြိုဆို

ရီယိုမြို့၏ ဂါလီယိုနိုင်ငံတကာလေဆိပ်သို့ ရုပ်ကလာပ် သယ်ဆောင်လာသည့် ဘိုးအင်း-၇၀၇ ဂျက်လေယာဉ်ကြီး နံနက် ၈ နာရီခွဲတွင် ဆိုက်ရောက်လာစဉ် တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး နိုင်ငံတော်သီချင်းဖြင့် ကြိုဆိုလိုက်သည်။

ဝင်ရောက်ခဲ့

ဘရာဇီးတပ်မတော်ပိုင် ဘိုးအင်း-၇၀၇ လေယာဉ်ကြီးသည် ဒီမဲလိုး၏ ရုပ်ကလာပ်ကို တင်ဆောင်ကာ ဘဂ္ဂဒက်မြို့မှ သောကြာနေ့တွင်ထွက်ခဲ့ပြီး ဘရာဇီးနိုင်ငံသို့ ဒီမဲလိုး၏ ကျန်ရစ်သူ ဇနီးနှင့် သားနှစ်ယောက်တို့ကို ခေါ်ဆောင်ရန် ဂျီနီဗာသို့ ဝင်ရောက်ခဲ့သည်။

ဒီမဲလိုး၏ ရုပ်ကလာပ်ကို ဘရာဇီးနိုင်ငံမှ ပြင်သစ်နိုင်ငံသို့ သယ်ဆောင်ပြီး သူ၏ မိသားစုနှင့်အတူနေထိုင်ရာ ဘိုနွန်လက်စဘိန်းမြို့တွင် မြုပ်နှံသင်္ဂြိုဟ်မည်ဖြစ်သည်။ ***အင်တာနက်။***

ကယ်ကွတ်မြို့၌ ကာ့ဒ်နှင့် တာ့ခ်မင်လူမျိုးတို့ တိုက်ခိုက် အမေရိကန်တပ်သားများက အီရတ်နှစ်ဦးကို ပစ်သတ်

တီကရစ်(အီရတ်) ဩဂုတ် ၂၄

အီရတ်နိုင်ငံ မြောက်ဖျားပိုင်း ရေနံထုတ်လုပ်ရာ အချက်အချာဖြစ်ပြီး လူမျိုးရေးအရ ပိုင်းခြားထားသည့် ကယ်ကွတ်မြို့တွင် ကာ့ဒ်လူမျိုးနှင့် တာ့ခ်မင်လူမျိုးတို့ တိုက်ခိုက်မှုဖြစ်ပွားရာ ကြားဝင်ဖျန်ဖြေသော အမေရိကန်တပ်သားများက အီရတ်လူမျိုးနှစ်ဦးအား သတ်ဖြတ်လိုက်ပြီး အခြားရှစ်ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိသွားကြောင်းဖြင့် စစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

လူမျိုးစုငယ်ဖြစ်သည့် ကာ့ဒ်နှင့် တာ့ခ်မင်တို့သည် ကယ်ကွတ်ဒေသတွင် နိုင်ငံရေးအာဏာ အဝေမတည့်မှုကြောင့် သဘောထား ကွဲလွဲနေကြပြီး ယင်းတင်းမာမှုမှ ဒေါသပေါက်ကွဲကာ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ ဆက်ဒမ်ဟူစိန် လက်ထက်က ၎င်းတို့လူမျိုးနှစ်မျိုးစလုံးအား ရေနံထွက်ရှိရာ ကယ်ကွတ်သို့ မောင်းထုတ်ခဲ့သည်။

ကယ်ကွတ်မြို့ အပြင်ဘက်ရှိ တပ်ခါမာတူမြို့မှ ကာ့ဒ်နှင့် တာ့ခ်မင်လူမျိုးများ တိုက်ခိုက်မှုဖြစ်ပွားရာတွင် အမေရိကန် ကင်းလှည့်တပ်မှာ သောကြာနေ့က ပစ်ခတ်ခံရကြောင်း ယင်းဒေသတွင် ဖြန့်ကြက်ထားသည့် အမေရိကန်အမှတ်(၄) ခြေလျင်တပ်မမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗိုလ်မှူးဂျော့စလီအေဘာလီက ပြောကြားသည်။

ဆက်ဒမ်ဟူစိန်လက်ထက်က ပိတ်ပင်ထားခဲ့သည့် ဗလီအား တာ့ခ်မင်လူမျိုးများက ပြန်လည်တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ကာ့ဒ်လူမျိုးနှင့် တိုက်ခိုက်ကြခြင်းဖြစ်သည်။ အဆိုပါဗလီ ပျက်စီးသွားပြီး အမေရိကန် ကင်းလှည့်တပ်ရောက်လာသောအခါ ၎င်းဗလီကိုစွအပေါ် တိုက်ခိုက်နေကြသည့် တာ့ခ်မင်လူမျိုးများက ကင်းလှည့်တပ်အားပစ်ခတ်၍ အမေရိကန်ကင်းလှည့်တပ်က ပြန်လည်ပစ်ခတ်ခြင်းဖြစ်ကြောင်း အေဘာလီက ဆက်လက်ပြောကြားသည်။

ဒါဇင်ချီရှိသော တာ့ခ်မင်များက အီရတ်တာ့ခ်မင် နိုင်ငံရေးပါတီအလံများ ဝှေ့ယမ်းကာ ဘဂ္ဂဒက်မြို့တော်သို့ ချီတက်လာရင်း ကာ့ဒ်ခေါင်းဆောင် အီရတ်လူမျိုး ဂျာလယ်တာလာဘာနီအား တာ့ခ်မင်လူမျိုးများက သတ်ဖြတ်ကြောင်း စွပ်စွဲပြောကြားသည်။

ဆက်ဒမ်အစိုးရလက်ထက် ဘာ့သ်ပါတီအုပ်စိုးစဉ်အတွင်း ကာ့ဒ်နှင့် တာ့ခ်မင် လူမျိုးနှစ်စုစလုံးမှာ အနိုပ်ကွပ်ခံ လူမျိုးစုငယ်များဖြစ်ပြီး ကယ်ကွတ်မှ ၎င်းတို့အား ဆက်ဒမ်က မောင်းထုတ်ခဲ့ကာ အခြားဒေသမှ အာရပ်များကို ကယ်ကွတ်တွင် ပြောင်းရွှေ့ထားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဩဂုတ် ၂၃ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့ အရှေ့မြောက်ဘက် မိုင် ၃၀ အကွာ ကျေးရွာတစ်ရွာတွင် စီးနင်းဝင်ရောက်မှု စစ်ဆင်ရေး ပြုလုပ်နေသည့် အမေရိကန် အမှတ်(၄) ခြေလျင်တပ်မမှ တပ်သားများ။ (အမေရိကန် တပ်သားများသည် ဘာ့သ်ပါတီ တာဝန်ရှိပုဂ္ဂိုလ်ဟောင်း တစ်ဦးအား ရှာဖွေခဲ့ကြသော်လည်း မတွေ့ရှိခဲ့ရပေ။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ ကုလသမဂ္ဂ လုပ်ငန်းများ လုံခြုံရေး တိုးမြှင့်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် ထပ်မံတိုက်တွန်း

ကုလသမဂ္ဂ ဩဂုတ် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂရုံး မကြာမီက ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အီရတ်နိုင်ငံရှိ ကုလသမဂ္ဂ၏ လုပ်ငန်းများတွင် လုံခြုံရေး တိုးမြှင့်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ထပ်မံ တိုက်တွန်းပြောကြားလိုက်သည်။

မိမိတို့အတွက် လုံခြုံရေးပြဿနာသည် အထင်အရှား စိုးရိမ်ပူပန်ရသည့် ပြဿနာကြီးဖြစ်လျက် ရှိကြောင်း၊ မိမိတို့ နံနက်ပိုင်းက ဆွေးနွေးခဲ့ရာတွင်လည်း ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ခဲ့ကြောင်း ကိုဖီအာနန်က ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောနှင့် နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးအပြီး သတင်းထောက်များအား ပြောကြားသည်။

မြင်တွေ့လို

အီရတ်နိုင်ငံရှိကုလသမဂ္ဂမစ်ရှင်အား စောင့်ရှောက်ရေးအတွက် နိုင်ငံစုံတပ်ဖွဲ့ထားရန် အလားအလာနှင့် စပ်လျဉ်း၍ သတင်းထောက်များအား မေးမြန်းရာ ကိုဖီအာနန်က ပြောကြားရာတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အီရတ်နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် ရရှိစေရန် ဆောင်ကြဉ်းပေးမည့် ကုလသမဂ္ဂ၏ အဓိက အခန်းကဏ္ဍအား ကျယ်ပြန့်ခိုင်မာစေခြင်းဖြင့် နောက်ထပ်နိုင်ငံတကာ ပူးတွဲထိန်းသိမ်းမှု ပြုလုပ်စေရန် မြင်တွေ့လိုကြောင်း ပြောကြားသွားသည်။

စေလွှတ်ထား

ကုလသမဂ္ဂက အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေကို အကဲဖြတ်နိုင်ရန်နှင့် လုံခြုံရေးကို ခိုင်မာတောင့်တင်းစေရန် အဖွဲ့တစ်ဖွဲ့ကို ဘဂ္ဂဒက်သို့ စေလွှတ်ထားကြောင်း ကိုဖီအာနန်က ပြောကြားသည်။

မိမိတို့ အနေဖြင့် အီရတ်နယ်မြေပေါ်ရှိ လုပ်ငန်းတာဝန် ဆောင်ရွက်ရန် နည်းလမ်းများကို ပြန်လည်သုံးသပ်ရှုလျက် ရှိပြီး ကမ္ဘာ့တစ်နံတစ်လျားရှိ ဒေသများတွင် ကုလသမဂ္ဂ၏ လုပ်ငန်းတာဝန်ဝတ္တရားများကို ပြန်လည်စိစစ်ရန် လိုအပ်ကြောင်း အာနန်က ပြောကြားသည်။

အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်များက အီရတ်ရှိ ကုလသမဂ္ဂ၏ လုပ်ငန်းများအတွက် ဘေးကင်း ရန်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်စေရေးအတွက် ပံ့ပိုးကူညီရန် တာဝန်ရှိကြောင်းကိုလည်း ၎င်းက အလေးအနက် ပြောကြားသည်။

မိမိတို့ အနေဖြင့် စွမ်းအားရှိပြီး အီရတ်နိုင်ငံတွင် ဥပဒေစိုးမိုးရေး ရှိစေရေးအတွက် တာဝန်ရှိသည့် အမေရိကန်နှင့် နောက်ပါတပ်သားများနှင့် ဒိုးတူပေါင်ဖက် ပူးပေါင်းဆောင်ရွက်ရန် အမှန်တကယ် လိုအပ်ကြောင်းကိုလည်း အာနန်က ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံခြား သတင်းများ

အီရတ်၌ နိုင်ငံစုံတပ်ဖွဲ့ ထားရှိဖွယ် ရှုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ပြောဆို

မော်စကို ဩဂုတ် ၂၄

အီရတ်နိုင်ငံ၌ နိုင်ငံစုံတပ်ဖွဲ့ ထားရှိရေးမှာ ဖြစ်ကောင်းဖြစ်နိုင်ကြောင်း ရုရှားနိုင်ငံက စနေနေ့၌ အရိပ်အမြွက် ပြောကြားလိုက်ပြီး အီရတ်တွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ပိုမိုပေးရန် တိုက်တွန်းလိုက်သည်။

အီရတ်နိုင်ငံအရေး ဖြေရှင်းရေး၊ အထူးသဖြင့် နိုင်ငံရေးနယ်ပယ်တွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍကို သိသိသာသာ တိုးမြှင့်ပေးသင့်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က တိုက်တွန်းလိုက်သည်ဟု အီတာ-တာ့စ်သတင်းဌာနက ဖော်ပြသည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအား အားပေးအားမြှောက်ပြုမည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အမေရိကန်က အခြား လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးနေကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ကြာသပတေးနေ့တွင် ပြောကြားပြီး နောက်တစ်နေ့တွင် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး၏ ပြောဆိုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်ပြည် အနောက်အစွန်ဖျား တိဗက်ပြည်နယ် လာဆာမြို့မှ ၁၂၅ မိုင် အကွာ တီဆီတန်ဒေသ နီးယာလန် တောင်ကြားလွင်ပြင်၏ ထိပ်တွင် ယွမ်ဘူလန်ကာ နန်းတော်အား ရှုချင့်စဖွယ် မြင်တွေ့ရစဉ်။ (ရဲတိုက်ပုံသဏ္ဌာန်ရှိသည့် ယင်းနန်းတော်ကို ဘီစီ(၂)ရာစုတွင် ပထမဆုံး တိဗက်ဘုရင် တီဆန်ပိုက တည်ဆောက်ခဲ့ရာ တိဗက်သမိုင်းနှင့် ယဉ်ကျေးမှုဓာစ်မြစ်တွင် အရေးပါသည့် ကဏ္ဍမှ ပါဝင်နေသည်။) *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး ဝန်ထမ်းများ ယာယီတဲများအတွင်း တာဝန်ပြန်လည်ဆောင်ရွက်

ဘဂ္ဂဒက် ဩဂုတ် ၂၄

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး ဝန်ထမ်းများသည် စနေနေ့မှ စတင်၍ ယာယီတဲများအတွင်း တာဝန်ဝတ္တရားများ ပြန်လည်ဆောင်ရွက်လျက်ရှိပြီး သဘော်တင် ကုန်သေတ္တာများကို ၎င်းတို့၏ ဖောက်ခွဲခံရသော ရုံးအပျက်အစီးနံဘေးတွင် ထောင်ထားကြသည်။

အင်္ဂါနေ့က ဗုံးဖောက်ခွဲမှုတွင် အသက်မသေဘဲ ကျန်ရစ်သူ ဒါဇင်ပေါင်းများစွာရှိသည့် ကုလသမဂ္ဂ ဝန်ထမ်းများအား အီရတ်နိုင်ငံသို့ ရောက်ရှိလာသည့် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များက ကုလသမဂ္ဂမစ်ရှင်အဖွဲ့ ပြန်လည်နေသားတကျ ဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည်။

အစွမ်းကုန် လုပ်ဆောင်မည်

ကုလသမဂ္ဂမစ်ရှင်လုပ်ငန်းတာဝန်များ ပြန်လည်စတင်ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးရန်အတွက် မိမိတို့ ရောက်လာပြီး အစွမ်းကုန် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အပျက်အစီးပမာဏ ကြည့်ရသည်မှာ ယုံရခက်ခက်ပင်ဖြစ်ကြောင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာကိစ္စ ကုလသမဂ္ဂရုံးမှ ကီဗင်ကနေဒီက ပြောကြားသည်။

ဘဂ္ဂဒက်သို့ ပြန်လာကြသူများက အသက်မသေ ကျန်ရှိသူများအား နွေးထွေးယုယစွာဖြင့် ဆက်ဆံကြသည်။ အသက်မသေ ကျန်ရှိသူအချို့မှာ မျက်နှာနှင့် လက်များအား ပတ်တီးများဖြင့် စည်းထားကြသည်။

လုပ်ငန်းကွဲပြားသည့် ကုလသမဂ္ဂ အေဂျင်စီများကို နေရာတစ်နေရာစီ အတန်းလိုက်ခွဲထားကာ ယာယီ တဲဖြူအတွင်း အသင့်တပ်ဆင်ပြီး ရုံးခန်းဖွင့်လှစ်လျက် အပျက်အစီးများကြားမှ ပြန်လည်ရယူထားသည့် ဖိုင်တွဲများနှင့် ကွန်ပျူတာများကို ကုန်သေတ္တာများပေါ်တွင် ထားရှိအသုံးပြုလျက်ရှိကြသည်။

အချို့သော တဲများနှင့် ယာယီရုံးအတွင်း လေအေးစက်များ တပ်ဆင်ထားသော်လည်း လေအေးစက် မတပ်ဆင်ရသေးသည့် ယာယီတဲများမှာ အရှိန်ညီးညီး တောက်လောင်သည့် အပူရှိန်ပြုသမျှ နကြရမည့်အခြေ ဆိုက်နေသည်။

အပျက်အစီးများကို ရှင်းလင်း

အမေရိကန်စစ်သားများသည် ဗုံးဖောက်ခွဲခံရသည့် အဆောက်အအုံ အပျက်အစီးများကို ရှင်းလင်းလျက်ရှိပြီး မြေထိုးစက်နှင့် အကြီးစား ပင့်တင်စက်များကို အသုံးပြုလျက်ရှိပေသည်။

ပြည်ပတွင် နေထိုင်သူ ဝန်ထမ်းများကို ပြန်လိုက ပြန်နိုင်ကြောင်း ခွင့်ပေးထားသည်။ သို့ရာတွင် ထက်ဝက်ကျော် ဝန်ထမ်းများမှာ ဆာဂျီယိုဒီမဲလိုးအား ဆက်ခံသည့် ယာယီကိုယ်စားလှယ် ရာမာရိုလိုပက်ဇ်ဒါဆီလ်ဗာ၏ ဦးဆောင်မှုအောက်တွင် ဆက်လက်ဆောင်ရွက်ရန် နေထိုင်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်စွပ်စွဲချက် တာဝန်မဲ့ပြောဆိုခြင်းသာဖြစ်ကြောင်း တရုတ်ချေပ

ဘေဂျင်း ဩဂုတ် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းအပေါ် အမေရိကန်တို့က စွပ်စွဲဝေဖန်ခြင်းမှာ တာဝန်မဲ့ပြောဆိုခြင်းသာဖြစ်သည်ဟုဆိုကာ တရုတ်အစိုးရက ပယ်ချလိုက်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေမှာ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် များစွာတိုးတက်ကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းကပင်လျှင် ယင်းကိစ္စကို ချီးကျူးပြောဆိုကြကြောင်းဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ချင်းနားဒေလီက ကိုးကားတင်ပြလိုက်သည်။ အမေရိကန်၏ တာဝန်မဲ့ဝေဖန်ပြောဆိုမှုကြောင့် မိမိတို့နိုင်ငံအတွင်း အကြီးအကျယ် တိုးတက်ပြောင်းလဲလာသည့် လူ့အခွင့်အရေးအခြေအနေကို ပြောင်းလဲသွားစေမည်မဟုတ်ဟုလည်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်ဆို၏။

ပီတီအိုင်။

အီရတ် အကျပ်အတည်းမှ အမေရိကန် ရုန်းမထွက်နိုင်ဟု အမေရိကန်ပြည်သူ ၇၀ ရာခိုင်နှုန်းက ယူဆ

ဝါရှင်တန် ဩဂုတ် ၂၄

အီရတ်နိုင်ငံအတွင်း စစ်ရေးဆိုင်ရာ အမေရိကန်သမ္မတဘုရှ်၏ကိုင်တွယ်မှုကို အမေရိကန်ပြည်သူတို့က အယုံအကြည် လျော့နည်းကျဆင်းလျက်ရှိပြီး အမေရိကန်ပြည်သူ ၇၀ရာခိုင်နှုန်းခန့် တို့က အမေရိကန်နိုင်ငံအနေဖြင့် ရည်ရွယ်ချက်များ အောင်မြင်မှုမရဘဲ အီရတ်အရေးတွင် ရုန်းမထွက်နိုင်အောင် နွံနစ်နေမည်ဟု ယူဆကြောင်း ပြည်သူ့ဆန္ဒသဘောထားကောက်ယူမှုအရ သိရသည်။

ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို အသေခံကားဗုံးဖောက်ခွဲပြီးနောက် မကြာမီမှာပင် ကြာသပတေးနေ့နှင့် သောကြာနေ့တို့က ပြည်သူ ၁၀၁၁ ဦးတို့အား သဘောထားကောက်ယူလိုက်ခြင်းဖြစ်သည်။

အီရတ်ရှိ အမေရိကန်နှင့်ဗြိတိန်စစ်သားများမှာ ပြောက်ကျားတိုက်ခိုက်မှု၏ ပစ်မှတ်များဖြစ်နေရသဖြင့် အီရတ်၌ အဓိကတိုက်ပွဲများပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က မေ ၁ ရက်တွင် ပြောကြားပြီးနောက် အီရတ်၌သေဆုံးရသည့် အမေရိကန်စစ်သားပေါင်း ၁၃၅ ဦး ရှိသွားပြီဖြစ်သည်။

အမေရိကန်တပ်များ အီရတ်၌ ဆက်လက်ထားရေး၊ မထားရေးတွင် ပြည်သူတို့၏ သဘောထားအမြင်မှာ ရောထွေးလျက်ရှိသည်။ ပြောက်ကျားတို့၏ တိုက်ခိုက်မှုကို ခံနေရသည့်အတွက် အမေရိကန်စစ်သားများကို ရုပ်သိမ်းသင့်သည်ဟု ၄၈ ရာခိုင်နှုန်းက သဘောရပြီး ၄၇ ရာခိုင်နှုန်းက အမေရိကန်စစ်သားများကို အီရတ်တွင် ဆက်လက်ထားရှိသင့်သည်ဟု ယူဆကြသည်။

၇၂ ရာခိုင်နှုန်းကမူ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အာဏာအချို့ကို ကုလသမဂ္ဂအဖွဲ့ကြီးသို့ လွှဲပေးရေးထောက်ခံကြသည်။ နိုင်ငံစုံတပ်ဖွဲ့တစ်ဖွဲ့ကို ကုလသမဂ္ဂအဖွဲ့က တရားဝင်ခွင့်မပြုမချင်း ပြင်သစ်၊ ရုရှား၊ အိန္ဒိယနှင့် အခြားသောနိုင်ငံများက အီရတ်သို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်များ စေလွှတ်ရန် ငြင်းဆိုနေကြသည်။

အင်တာနက်။

ပြန်လည်ဖွင့်လှစ်

ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးခွဲရှိရာ ကန်နယ်ဟိုတယ် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပိတ်ပစ်ခဲ့သည်။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ရုံးအား ကုလသမဂ္ဂ ရုံးအမှုထမ်းတစ်ဦးက ဩဂုတ် ၂၃ ရက်တွင် ပြန်လည်ဖွင့်လှစ်နေစဉ်။ *(ဓာတ်ပုံ–ဆင်ဟွာ)*

အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များ အီရတ်မှရုပ်သိမ်းသင့် အီရတ်အရေးကို နိုင်ငံရေးအရ ဖြေရှင်းရန် ဘရာဇီးသမ္မတတိုက်တွန်း

ဘရာဆီးလီးယား ဩဂုတ် ၂၄

အီရတ်နိုင်ငံမှ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ ရုပ်သိမ်းရန် ဘရာဇီးသမ္မတ လူးဝစ်အင်နာစီယိုလူလာက သောကြာနေ့တွင် တောင်းဆိုလိုက်ပြီး စစ်ပြီးခေတ်လွန် အီရတ်နိုင်ငံ၌ နိုင်ငံရေးအရ အဖြေရှာကြရန် တိုက်တွန်းလိုက်သည်။

ထပ်မံမကျူးလွန်သင့်

အမေရိကန်ပြည်ထောင်စုသည် မတ်လအတွင်းက အီရတ်နိုင်ငံကို ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခဲ့စဉ်က ကြီးမားသည့် အမှားမျိုးကို ကျူးလွန်မိခဲ့ကြောင်းနှင့် အမေရိကန်တပ်သားများကို အီရတ်၌ ဆက်လက်ထားရှိ ခြင်းဖြင့် နောက်ထပ်အမှားမျိုးကို ထပ်မံမကျူးလွန်သင့်ကြောင်း လူလာက နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံမေးမြန်းစဉ် ပြောကြားလိုက်သည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များကို အစားထိုးရန် ကုလသမဂ္ဂက ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ကို စေလွှတ်သင့်ကြောင်း လူလာက တိုက်တွန်းခဲ့သော်လည်း အီရတ်နိုင်ငံ၌ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိရေးအတွက် အီရတ်ခေါင်းဆောင်ပိုင်းနှင့် လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်ဖြင့်သာ အစားထိုးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအား အမေရိကန်တို့၏ စစ်ရေးလှုပ်ရှားမှုသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အာမခံချက်ပေးသည့် ကုလသမဂ္ဂ၏အခန်းကဏ္ဍကို အင်အားနည်းစေကြောင်း အီရတ်စစ်ပွဲကို ဆန့်ကျင်သည့် ကမ္ဘာ့ခေါင်းဆောင်များအနက် တစ်ဦးဖြစ်သူ လူလာက ပြောကြားသည်။

ကမ္ဘာပေါ်ရှိ အင်အားကြီးနိုင်ငံများက ကုလသမဂ္ဂက သတ်မှတ်သည့်စည်းမျဉ်းများကို လျစ်လျူမရှုလျှင် အခြားနိုင်ငံများကလည်း လျစ်လျူရှုမည်မဟုတ်ကြောင်း ဘရာဇီးသမ္မတက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်ကုမ္ပဏီများတွင် တိုယိုတာ ထိပ်ဆုံးမှရပ်တည် ပြိုင်ဘက် ဟွန်ဒါကုမ္ပဏီက တတိယနေရာသို့တက်လာ

တိုကျို ဩဂုတ် ၂၄

တိုယိုတာ မော်တာကော်ပိုရေးရှင်းသည် ဂျပန်နိုင်ငံ၏ အကြီးမားဆုံး ဝင်ငွေရရှိရာကုမ္ပဏီအဖြစ် ထိပ်ဆုံးမှ ရပ်တည်နေဆဲဖြစ်ကြောင်း ပုဂ္ဂလိကသုတေသနကုမ္ပဏီတစ်ခုက သောကြာနေ့တွင် ပြောကြားသည်။

ထိပ်ဆုံးနေရာရပ်တည်

ဂျပန်နိုင်ငံ၏ အကြီးမားဆုံး ကားကုမ္ပဏီအုပ်စုကြီးဖြစ်သည့် တိုယိုတာသည် ၂၀၀၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလျံရရှိခဲ့ရာ လွန်ခဲ့သည့်တစ်နှစ်ကထက် ၅ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည့်အတွက် ဂျပန်စီးပွားရေးလုပ်ငန်းများအကြား ၁၀ နှစ်မြောက် ဆက်တိုက်အဖြစ် ထိပ်ဆုံးနေရာမှ ရပ်တည်နေကြောင်း တိုင်ကိုကူဒက်တာဘဏ်လီမိတက်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

တိုကျို လျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီသည် ဒေါ်လာ ၂ ဒသမ ၉ ဘီလျံဖြင့် ဒုတိယနေရာတွင် ရပ်တည်သည်။

တိုယိုတာ၏ ပြိုင်ဘက်ကုမ္ပဏီဖြစ်သည့် ဟွန်ဒါမော်တော်ကုမ္ပဏီသည် ဒေါ်လာ ၂ ဒသမ ၇ ဘီလျံဖြင့် တတိယနေရာတွင်လိုက်သည်။ ဟွန်ဒါကုမ္ပဏီက မြောက်အမေရိကနှင့် အာရှ ဈေးကွက်များတွင် ပိုကုန်မြင့်တက်လာသည့်အတွက် ပဉ္စမနေရာမှ တတိယနေရာသို့ တက်လာခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှား ရဟတ်ယာဉ်ပျက်ကျ လူ ၂၀ ဦး သေဆုံး

ဗလာဒီဗော့စတော့(ရုရှား) ဩဂုတ် ၂၄

ရုရှားနိုင်ငံတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာတွင် ရုရှားနိုင်ငံမှ ရေနံပေါကြွယ်ဝသည့် ဆာခါလင်ကျွန်း အုပ်ချုပ်ရေးမှူးနှင့် အခြားလူ ၁၉ ဦး သေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက စနေနေ့တွင် ပြောကြားသည်။ သုံးရက်ကြာရှာဖွေကာ လေယာဉ်အပျက်အစီးများကို တွေ့ရှိခဲ့ပြီးနောက် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဓေးလံသီခေါင်သည့် တောင်တန်းဒေသပေါ်တွင် တွေ့ရှိခဲ့ရသည့် အမ်အိုင်–၈ ရဟတ်ယာဉ်အား ရှာဖွေမှုမှာ ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသမှ မိုးလေဝသ ဆိုးရွားမှုကြောင့် နှောင့်နှေးနေခဲ့ရသည်။

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ အားလုံးသေဆုံးကုန်ကြောင်း၊ ရဟတ်ယာဉ်မှာလည်း အစိတ်စိတ်အမွှာမွှာပျက်စီးကုန်ကြောင်း အရေးပေါ်ဌာနများဆိုင်ရာဝန်ကြီးဌာန၏ အရှေ့ဖျားဒေသဌာနခွဲရုံးမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရသော်လည်း ယူနီဆက်ဖ်ဝန်ထမ်းများ အီရတ်တွင် ဆက်နေမည်

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးအား ဩဂုတ် ၁၉ ရက်က ကားဗုံးခွဲမှု ဖြစ်ပေါ်ခဲ့ပြီးနောက် ကုလသမဂ္ဂဝန်ထမ်းများကို အီရတ်နိုင်ငံမှ ထွက်ခွာသွားရန် ကုလသမဂ္ဂက ခွင့်ပြုပေးသော်လည်း ကုလသမဂ္ဂလက်အောက်ရှိ နိုင်ငံတကာ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)မှ ဝန်ထမ်းများသည် အီရတ်နိုင်ငံ၌ပင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂရုံး အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်ရပ်ကြောင့် စိတ်ပိုင်းအရ ဝေဒနာခံစားနေကြရသော ကုလသမဂ္ဂဝန်ထမ်းများသည် အီရတ်နိုင်ငံမှ ပြန်လည်ထွက်ခွာသွားနိုင်သည်ဟု ကုလသမဂ္ဂက ခွင့်ပြုပေးလိုက်သော်လည်း ဘဂ္ဂဒက်ရှိ ယူနီဆက်ဖ်ဝန်ထမ်းများအားလုံးသည် အီရတ်နိုင်ငံမှာပင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျက်ဖရီကီးလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဩဂုတ် ၁၉ ရက်ကဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုအတွင်း ယူနီဆက်ဖ် အလုပ်သမားတစ်ဦးသေဆုံးခဲ့ရပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးဝါးကုသပေးနိုင်ရန် ပြည်ပသို့ခေါ်ဆောင်သွားပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ကီးလ်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ရွှေခြံဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၅

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ၁၃ ရပ်ကွက် ရှင်ထွေးညိုလမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၄၃) ရွှေခြံဓမ္မရိပ်သာကျောင်းတိုက်၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဩဂုတ် ၂၉ ရက်မှ စတင်ဘာ ၇ ရက်ထိ ၁၀ ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ရွှေခြံဓမ္မရိပ်သာဆရာတော်ဦးဇာဂရိယနှင့် ဦးဝေပုလ္လတို့က ဟောကြားပြသမည်ဖြစ်သည်။ တရား စခန်းဝင်မည့် ယောဂီများသည် ဩဂုတ် ၂၈ ရက် ညနေ ၅ နာရီ ကျောင်းသို့အရောက် လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မြန်မာနိုင်ငံအပေါ်အမေရိကန်ရဲ့ တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုဟာ ဘယ်လိုသက်ရောက်မလဲ(၃)

အောင်မိုးစံ

အနောက်စက်မှု အရင်းရှင်နိုင်ငံကြီးတွေက သတိမေ့နေတဲ့ အချက်တစ်ခု ရှိပါတယ်။ စက်မှု တော်လှန်ရေးကာလတုန်းက အနောက်စက်မှုဒီမိုကရေစီနိုင်ငံတွေဟာ ဒီကနေ့လောက် ဒီမိုကရေစီ အပြည့်အဝမရသေးဘူးဆိုတာကို သတိရဖို့ ဖြစ်ပါတယ်။ ဒါတွေကို သမိုင်းစခန်းထောက်တွေက သက်သေပြနေပါတယ်။ အနောက်စက်မှု နိုင်ငံများရဲ့ ဒီမိုကရေစီ ဖြစ်ပေါ်ထွန်းကားရေးသမိုင်းတွင် အုပ်စိုးသူလူတန်းစားတွေဟာ မိမိတို့အခြေအနေခိုင်မာတယ်လို့ ယူဆလာတာနဲ့အမျှသာ လူမှုလွတ်လပ်ခွင့် (Civil Liberty) တွေတိုးချဲ့ပေးလာခဲ့ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ ဥပဒေရေးနဲ့ လူမျိုးရေးစတာတွေမှာ လွတ်လပ် တန်းတူမှုရှိလာတယ်။ ဒါကိုအခုအခါ တရားဥပဒေစိုးမိုးမှု (Rule Of Law) လို့လည်း ခေါ်ကြပါတယ်။ ပါလီမန်ကိုယ်စားလှယ်ပြု စနစ်တွေ၊ စည်းမျဉ်းခံဘုရင်စနစ်တွေ၊ တစ်စိတ်တစ်ပိုင်းကိုယ်စားလှယ်ပြု စနစ်တွေ တိုးမြှင့်ပေးလာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ဒီကနေ့ဒီမိုကရေစီ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့တော့ အများကြီးဝေးလံခဲ့ပါသေးတယ်။ မဲပေးပိုင်ခွင့်ကို ပစ္စည်းရှိအထက်တန်းစားတွေ၊ ပညာအရည်အချင်းတွေနဲ့ ကန့်သတ်ထားခဲ့ပါတယ်။ ဒီထုံးတမ်းစဉ်လာတွေဟာ ၂၀ရာစုအထိ တည်တံ့ခဲ့ပါတယ်။ အမေရိကန်နဲ့ ပြင်သစ်မှာတော့ ပစ္စည်းခန်းနဲ့ ကန့်သတ်ပြီးမဲပေးခွင့်ပြုခဲ့တာကို အစောဆုံး ရုပ်သိမ်းခဲ့တယ်။

အမေရိကန်နိုင်ငံဟာ လက်ရှိလူမှုဘဝကိုရောက်ဖို့ မိမိတို့လူ့အဖွဲ့အစည်းရဲ့ လိုအပ်ချက်နဲ့အညီ ၁၇၈၅နှစ်တွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၆)ကြိမ် ပြင်ဆင်ဖြည့်စွက်ထုထောင်လာခဲ့ရပါတယ်။ နှရာမှရင့်ရာသို့ တက်လှမ်းခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် **မဖွံ့ဖြိုးသေးတဲ့နိုင်ငံတစ်နိုင်ငံမှာ ခိုင်မာတဲ့ဒီမိုကရေစီကျင့်စဉ်တစ်ရပ် ချက်ချင်းအမြစ်တွယ် တည်ဆောက်ကျင့်သုံးနိုင်တယ်လို့ သမိုင်းတွင် မကြုံဖူးသေးကြောင်း** ခေတ်သစ်သိပ္ပံနိုင်ရေးဘောဂဗေဒပညာရှင်တို့ကဆိုပါတယ်။ နိုင်ငံများဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး **လူနေမှုအဆင့်အတန်းနဲ့ စာပေတတ်မြောက်မှုအဆင့်မြင့်လာတဲ့ အချိန်ကျမှသာ၊ အခြေခံစားဝတ်နေရေး အခွင့်အလမ်းတွေမြင့်မား တိုးတက်လာတဲ့အချိန်ကျမှသာ ဒီမိုကရေစီအမြစ်တွယ် ရှင်သန်ထွန်းကားလာတယ်ဆိုတဲ့** လူမှုသိပ္ပံတရားကြောင့်ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံအဖို့လည်း မိမိတို့လူ့အဖွဲ့အစည်းရောက်ရှိနေတဲ့ လူမှုဘဝလမ်းကြောင်းမှန်ပေါ်ကသာ၊ ဒီမိုကရေစီနိုင်ငံ ထူထောင်သွားနိုင်မယ်ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့မြန်မာနိုင်ငံဟာ–

(၁) ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံများရဲ့ လူမှုစီးပွားရေး ဘဝမျိုးလား၊

(၂) ကမ္ဘာ့စက်မှု ထွန်းသစ်စနိုင်ငံများရဲ့ လူမှုစီးပွားရေးဘဝမျိုးလား၊

(၃) ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ လူမှုစီးပွားရေး ရုပ်ဘဝမျိုးလား ဆိုတာ စိတ်ဖြာပိုင်းခြား သိရှိရပါမယ်။ တကယ်တော့ မြန်မာနိုင်ငံဟာ စက်မှုထွန်းသစ်စနိုင်ငံမျိုးနဲ့ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံမျိုးအဆင့်ကို တက်လှမ်းဖို့ ဖြတ်သန်းကြိုးပမ်းနေတဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ရပ်သာ ဖြစ်ပါတယ်။

ဒါကြောင့် တည်ဆဲတပ်မတော်အစိုးရဟာ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် မနေမနား ကြိုးပမ်းနေတာဖြစ်ပါတယ်။ **နိုင်ငံရေးစနစ်တွေ၊ ဥပဒေပြဋ္ဌာန်းချက်တွေဆိုတာ လူ့အလိုရှိတိုင်း၊ စိတ်ကူးတည့်တိုင်း ရေးဆွဲဖော်ဆောင်နိုင်တာမဟုတ်ပါ။ သူတို့ချည်း သီးခြားရပ်တည်လို့လည်း မရနိုင်ကောင်းပါ။ လူမှုစီးပွားရေး ရုပ်ဘဝတွေအပေါ် အမှီပြုအရင်းခံပြီး ဖြစ်ပေါ်လာရတာဖြစ်ပါတယ်။** ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ပြောင်းလဲတိုးတက်ရာတွင်ဖြစ်စေ၊ စက်မှုထွန်းသစ်စနဲ့ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးများရဲ့ ပြောင်းလဲတိုးတက်ရာတွင်ဖြစ်စေ အခြေခံစီးပွားရေး ကုန်လုပ် စွမ်းအားစုတွေ ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် အကြောင်းပြုရတာချည်း ဖြစ်ပါတယ်။

ဒါကြောင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက အစိုးရတွေ၊ ခေါင်းဆောင်တွေ၊ ပညာရှင်တွေအဖို့ မိမိတို့လူ့အဖွဲ့အစည်း ဖြတ်သန်းတက်လှမ်းလာခဲ့ရတဲ့ သမိုင်းစခန်းထောက်တွေကို ဘယ်လိုမှမမေ့သင့်ပါ။ ဒါမှလည်း တခြားသော ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ် ကိုယ်ချင်းစာနိုင်မယ်ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ အနောက်စက်မှုနိုင်ငံကြီးတွေဟာ ဘဝကိုမေ့ပြီး ဦးတည်ချက် ပျောက်ကုန်ပြီဖြစ်တဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေမှာ စီးပွားရေးလွတ်လပ်မှုထက် နိုင်ငံရေးလွတ်လပ်မှုက ပဓာနကျတယ်လို့ ကျင့်သုံးအကောင်အထည်ဖော်လာတာဖြစ်ပါတယ်။ ဒီအယူအဆပေါ် အကြောင်းပြုပြီး ကမ္ဘာ့ဆင်းရဲမွဲတေမှု လျော့နည်းရေးအတွက် တိုက်ဖျက်တဲ့ ဖွံ့ဖြိုးမှုအကူအညီတွေမှာပါ လက်ရှောင်လာကြပါတယ်။

"ဖွံ့ဖြိုးတိုးတက်မှု နည်းပါးတဲ့နိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဆင်းရဲနွမ်းပါးတဲ့နိုင်ငံများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာမှာ ကမ္ဘာ့ဆင်းရဲမွဲတေမှု လျော့နည်းရေးတိုက်ဖျက်ရာတွင် အကူအညီတိုးမြှင့်ပေးမယ်။ ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများကို လျော့ချပေးမယ်ဆိုတဲ့ ကတိစကားများအတိုင်း ချမ်းသာကြွယ်ဝတဲ့နိုင်ငံများ (စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ)အနေနဲ့ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ အပြောနဲ့အလုပ် မညီညွတ်ခြင်း၊ အဆန်မပါတဲ့ သကြားနံအမြောက်နဲ့တူသော ကတိစကားများ တွင်တွင်ပြောဆိုနေခြင်းတို့ကြောင့် အကူအညီလိုအပ်နေတဲ့ နိုင်ငံများအတွက် စိတ်မအေးစရာဖြစ်တယ်လို့" ကုန်ခဲ့တဲ့ ဧပြီလ ၁၃ ရက်တွင် ကမ္ဘာ့ဘဏ်က ချမ်းသာတဲ့နိုင်ငံများကို ပြစ်တင်ပြောဆိုခဲ့တယ်။

"၁၉၆၀ ပြည့်နှစ်များရဲ့ အစောပိုင်းကာလများတွင် တစ်နိုင်ငံချင်း ဂျီဒီပီရဲ့ ဝ ဒသမ ၅ ရာခိုင်နှုန်းပေးခဲ့တဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများဟာ အခုအချိန်မှာ ဂျီဒီပီရဲ့ ဝ ဒသမ ၂ ရာခိုင်နှုန်းမျှသာ အကူအညီပေးနေကြပါတယ်။ အကူအညီပေးမှုကတော့ သွက်ချာပါဒဝေဒနာ ခံစားနေရသူလိုဖြစ်နေပါပြီ။ ၂၀၀၁ ခုနှစ် နိုဝင်ဘာလအတွင်း ကာတာနိုင်ငံ ဒိုဟာမြို့မှာကျင်းပခဲ့တဲ့ညီလာခံမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များရဲ့ ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ဖယ်ရှားရေးကြိုးပမ်းဖို့ သဘောတူညီခဲ့တယ်။ အဲဒီသဘောတူညီချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ၁၀ နှစ်အတွင်း ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးထက်ဝက်မျှ လျှော့ချပေးခဲ့ပေမယ့် ပိုပြီးချမ်းသာတဲ့ နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ လုပ်ရှားမှုကို တုံ့ပြန်မှုမပြုခဲ့ဘူးလို့ ဝါရှင်တန်မြို့ရှိ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ဌာနချုပ်မှာ ကမ္ဘာ့ငွေကြေးဆိုင်ရာ အစည်းအဝေးများ ကျင်းပစဉ် ကမ္ဘာ့စီးပွားရေးပညာရှင်များ အကြီးအကဲဖြစ်သူ နီးကိုးလပ်စ်စတန်းက ရှင်းပြခဲ့ဖူးပါတယ်။

၁၉၉၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေရဲ့ ၂၉ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် လူပေါင်း ၁ ဒသမ ၂၉ ဘီလီယံ ဆင်းရဲမွဲတေမှုဖြစ်နေရာက ၂၀၁၅ ခုနှစ်ကိုရောက်ရင် အဲဒီအချိန်မှာရောက်ရှိနေတဲ့ လူဦးရေရဲ့ ၁၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မယ်လို့ ခန့်မှန်းထားကြောင်း၊ ဒီအချိန်မှာ ဆင်းရဲမွဲတေသူ ၈၀၉ သန်းရှိမယ်ဖြစ်ကြောင်း၊ ဒါပေမယ့် အာဖရိကတိုက်ရဲ့ ၁၉၉၀ ပြည့်နှစ်က ဆင်းရဲမွဲတေသူအရေအတွက် ၃၁၅ သန်းရှိနေရာက ၂၀၁၅ ခုနှစ်ကိုရောက်ရင် ၄၀၄ သန်းထိ များပြားမယ်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသမှာလည်းပဲ ဆင်းရဲနွမ်းပါးသူဦးရေဟာ ငါးသန်းကနေ ရှစ်သန်းအထိ တိုးလာနိုင်ကြောင်း၊ ဒါပေမယ့် အရှေ့အာရှနဲ့ တရုတ်နိုင်ငံအပါအဝင် ပစိဖိတ်ဒေသမှာ ဆင်းရဲနွမ်းပါးသူဦးရေဟာ ၄၈၆ သန်းမှ သန်း ၈၀ အထိ ထူးထူးခြားခြား လျော့ကျဖွယ်ရှိကြောင်း၊ တောင်အာရှဒေသအနေနဲ့ ၅၀၆ သန်းမှ ၂၆၄ သန်းအထိ လျော့နည်းလာနိုင်ကြောင်း၊ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၀၃ ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းဆိုင်ရာ အစီရင်ခံစာက တင်ပြသတိပေးထားတယ်လို့ သိရပါတယ်။ အာရှမှာ အခုလိုတရုတ်ပြည် ဈေးကွက်ကြီး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာတာဟာ တရုတ်ပြည်ရဲ့ စီးပွားရေး ကုန်ထုတ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်လာလို့ဖြစ်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေ ဖိအား တွန်းအားပေးနေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ပြုပြင်ပြောင်းလဲရေးမှာ စီးပွားရေး လွတ်လပ်မှုထက် နိုင်ငံရေးလွတ်လပ်မှုကို ပဓာနကျတယ်ဆိုတဲ့လမ်းကိုသာ တရုတ်ပြည်ကြီးရွေးမိရင် အရှေ့ဥရောပနိုင်ငံအချို့ ကြုံတွေ့လာရတဲ့ ကြောက်မက်ဖွယ်ရာ ပြိုကွဲပျက်စီးမှု၊ သွေးချောင်းစီးမှု ပြည်သူလူထု ဒုက္ခကြီးစွာကြုံရမှုတွေနဲ့ ကြုံတွေ့လာရနိုင်ပါတယ်။

အဲဒီလို အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းအပါတွေရဲ့ ဖိအား တွန်းအားပေးနေတဲ့ လမ်းကိုမရွေးချယ်ခဲ့တဲ့အတွက် ဒီကနေ့ တရုတ်ပြည်ကြီးဟာ နှစ်စဉ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇၀ ဘီလီယံကျော် ရှိလာတယ်။ ပြည်ပက နှစ်စဉ်အရင်းအနှီးစီးဝင်မှုဟာလည်း အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံ ရှိလာတယ်။ နိုင်ငံခြားသီးသန့်ရန်ပုံငွေ ပမာဏမှာလည်း အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံ ရှိလာတယ်လို့ သိရပါတယ်။ အခုလို တိုးတက်မှုပမာဏ စာရင်းမျိုးကို ကမ္ဘာ့စီးပွားရေးသမိုင်းမှာ ဘယ်နိုင်ငံကမှ မရခဲ့ဘူးသေး၊ လုပ်မပြနိုင်ခဲ့သေးလို့ ဆိုပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ လေ့လာချက်တစ်ခုအရ ၂၀၀၂ ခုနှစ် ပထမ ၁၀ လပိုင်းအတွက် တရုတ်ပြည်မှာ ပြည်ပက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDIဟာ ၂၀ ရာခိုင်နှုန်း တိုးခဲ့ပါတယ်။ ဒီအခြေအနေကြောင့် ကမ္ဘာပေါ်မှာ FDIအများဆုံးရတဲ့ နိုင်ငံအဖြစ်နဲ့ တရုတ်ပြည်ဟာ(အမေရိကန်ကိုကျော်ပြီး) ဒီနှစ်ကစပြီး ရပ်တည်သွားဖွယ်ရာ ရှိတယ်လို့ဆိုပါတယ်။ တရုတ်ပြည်မှာ အရင်းရှင်များကိုပင် ကွန်မြူနစ်ပါတီဝင်ခွင့်ပြုလာပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို အထူးတလည် အားပေးထူထောင်နေပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှ တိုင်းပြည်တိုးတက်မယ်ဆိုတာကို တွေ့ရှိသိမြင်လာလို့ဖြစ်ပါတယ်။ တရုတ်ပြည်ကြီး အခုလိုတံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးဝေဆာလာရေးအတွက် ကြိုးပမ်းနေချိန်တွင် အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် အမျိုးသားစီးပွားရေးပျက်ပြားအောင် ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ အလုပ်သမားများအကျိုး ပျက်ကုန်အောင် တင်းကျပ်စွာ စီးပွားရေးပိတ်ဆို့အရေးယူနေပါတယ်။ ဒီလုပ်ရပ်ရဲ့ အကျိုးဆက်တစ်ခုအဖြစ် ရန်ကုန်မြို့ လှိုင်သာယာက ကိုလှထွန်း၊ မအေးပိုတို့ ဇနီးမောင်နှံရဲ့ အားမတန် မာန်လျှော့လိုက်ရတဲ့ ရင်ဖွင့်သံကို အခုလို ပြန်လည်ကြားယောင်မိပါတယ်။

"ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦးလုံး ဒီအထည်ချုပ်စက်ရုံမှာ လုပ်နေတာ ငါးနှစ်ကျော်ပါပြီ။ ကျွန်တော်က တစ်လတစ်သောင်းရှစ်ထောင်၊ ကျွန်တော့်ဇနီးကလည်း တစ်လ တစ်သောင်းရှစ်ထောင်ဆိုတော့ ဝင်ငွေတစ်လ သုံးသောင်းခြောက်ထောင်ရတယ်။ ရုံဖန်ရံခါ အချိန်ပိုဆင်းခလည်းရသေးတယ် စားဝတ်နေရေးလည်းမဆိုးဘူး၊ ကလေးသုံးယောက်လည်း ကျောင်းထားနိုင်တယ်။ သားကြီးက ကိုးတန်း၊ သမီးလတ်က ရှစ်တန်း၊ သားငယ်က ငါးတန်းရောက်ကုန်ပြီ၊ အခုလို ကျွန်တော်တို့ မိဘနှစ်ဦး အလုပ်လက်မဲ့ဖြစ်သွားတဲ့အတွက် သားကြီးကိုးတန်းကျောင်းသားနဲ့၊ သမီးလတ် ရှစ်တန်းကျောင်းသူတို့ကို ကျောင်းထုတ်လိုက်ရတယ်။ အမေတို့နေတဲ့ရွာပြန်ပို့ပြီး တောင်သူဝိုင်းလုပ်ခိုင်းလိုက်ရတော့တယ်။ လှိုင်သာယာစက်မှုဇုန်က ကျွန်တော်တို့လို လူရွယ် လူငယ်တွေ အများကြီးအလုပ်လက်မဲ့ဖြစ်ကုန်တယ်။ မိအိုဖအိုကို လုပ်ကျွေးနေရတဲ့ မိန်းကလေးတွေ၊ ဆင်းရဲလို့ ညီအစ်ကိုမောင်နှမတွေကို ကျောင်းထားပေးရတဲ့ လူတွေ၊ အလုပ်လက်မဲ့ဖြစ်ပြီး ရွာပြန်ကြတဲ့ မိန်းကလေးတွေဆိုရင် ငိုတောင်ငိုကြတယ်။ သူတို့ အမေရိကန်က လုပ်ငန်းရှင်တွေ၊ အလုပ်သမားတွေကို အခုလိုဘဝပျက်အောင်လုပ်ရင် သူတို့ခံနိုင်မလား၊ ကိုယ်ချင်းစာတရားတော့ ထားသင့်ပါတယ်။ ကိုယ်ချင်းစာတရားမရှိတဲ့ တစ်ဖက်သတ် အဖျက်လုပ်ရပ်လို့ပဲပြောချင်တယ်၊ ကျွန်တော်တို့က အသက် ၄၀ ဝန်းကျင်ဆိုတော့ အင်္ဂလိပ်နယ်ချဲ့ သမားတွေ ရက်စက်တယ်ဆိုတာကို ကိုယ်တိုင်မခံစားခဲ့ရဘူး၊ အခုမှ တိုင်းတစ်ပါးက အမေရိကန်အစိုးရတွေဟာ မြန်မာလူမျိုးတွေအပေါ် မတရားအနိုင်ကျင့်တယ်ဆိုတာ ခံစားလာရတယ်။ အမေရိကန်အစိုးရဟာ အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံတွေအပေါ် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးဆိုပြီး ဗုံးကြဲတိုက်ခိုက်လို့ အပြစ်မဲ့ပြည်သူများစွာ သေကုန်ကြတယ်။ ဒီနိုင်ငံတွေမှာ အခုစီးပွားပျက်ပြီး ကပ်ကြီးသုံးပါးဆိုက်ကုန်ကြတယ်၊ အဲဒီလို လူတွေဒုက္ခရောက်ကြ၊ သေကျေကုန်ကျတဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကိုတော့ တစ်သက်လုံးမလိုချင်ပါဘူး၊ အမေရိကန်က ကျွန်တော်တို့နိုင်ငံကို ဘယ်လိုပင်စီးပွားပျက်အောင်လုပ်လုပ်၊ ကျွန်တော်တို့ တပ်မတော်အစိုးရကတော့ အိမ်နားနီးချင်းနိုင်ငံတွေ၊ နိုင်ငံတကာက မိတ်ဆွေနိုင်ငံတွေနဲ့ပေါင်းပြီး ခေတ်မီနိုင်ငံတော်သစ်ကို မဖြစ်မနေ ထူထောင်သွားမှာပါ။ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးကို ဘယ်လိုမှ ထိခိုက်ခံမယ် မထင်ပါဘူး။ ဒါမှကျွန်တော်တို့တစ်တွေ အလုပ်ပြန်ရလာကြမယ်။ စားဝတ်နေရေးလည်း ပိုပြီးအဆင်ပြေလာမယ်။"

ဒါဟာ မြန်မာနိုင်ငံ ဒီမိုကရေစီ ထူထောင်ရေးအတွက် မဖြစ်မနေလိုအပ်တဲ့ (တပ်မတော်အစိုးရ ပျိုးထောင်လာခဲ့တဲ့) အလုပ်အကိုင်သစ်များ တိုးပွားလာမှုတွေ၊ လုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစားတွေ ဖျက်ဆီးခံလိုက်ရမှုကို ဖော်ပြတာဖြစ်ပါတယ်။ ကျေးလက်နေ လူတန်းစားများက မြို့ပေါ်စက်မှုလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်လာကြပြီးဖြစ်တဲ့ ဈေးကွက်စီးပွားရေး အသီးအပွင့်တွေ ဖျက်ဆီးခံလိုက်ရမှုလည်း ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်တွင် ဒီမိုကရေစီ အမြစ်တွယ်ရှင်သန်ထွန်းကားရေးဟာ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံလူတန်းစားကြီး နှစ်ရပ်ဖြစ်တဲ့ လုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစားနှစ်ရပ် ဘယ်လောက်ထွန်းကားလာပြီလည်းဆိုတာနဲ့ဆိုင်တယ်။ အဲဒီလို ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံလူတန်းစားကြီးနှစ်ရပ် ထွန်းကားမလာသေးတဲ့ နိုင်ငံတစ်ရပ်မှာ ဘယ်လိုမှ ဒီမိုကရေစီ အမြစ်တွယ်ရှင်သန် ထွန်းကားလာမယ်မဟုတ် လို့ လူမှုသိပ္ပံတရားကဆိုပါတယ်။ ဒါကြောင့် ဒီကနေ့မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရရဲ့ တင်းကျပ်စွာ စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေဟာ ဒီမိုကရေစီထွန်းကားရေး အတွက် အဖျက်ပိုင်းတွေသာ ဖြစ်တယ်ဆိုတာကို ထင်ရှားစွာ တွေ့နိုင်ပါတယ်။ ။

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု (အင်္ဂလိပ်ဘာသာ) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု(အင်္ဂလိပ်ဘာသာ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေ ပိဋကတ်တိုက် သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် ညွှန်ကြားရေးမှူးများ၊ ဦးစီးမှူးများ၊ သင်တန်းနည်းပြဆရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က သင်တန်းသား၊ သင်တန်းသူများအား အမှတ်တရအင်္ကျီများကို ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများကို လိုက်လံနှုတ်ဆက်သည်။ သင်တန်းကို အပတ်စဉ် စဉ်ဆက်မပြတ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အသက် ၁၀ နှစ်မှ ၁၈ နှစ်အတွင်း အမျိုးသား၊ အမျိုးသမီး မည်သူမဆို တက်ရောက်နိုင်သည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား ၁၃ဦးနှင့် သင်တန်းသူ ၁၁ဦး စုစုပေါင်း ၂၄ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လှိုင်သာယာမိုးကုတ်ရိပ်သာ(၅၁)ကြိမ်မြောက် တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ (၅၁)ကြိမ်မြောက် မိုးကုတ်တရားစခန်းပွဲကို လှိုင်ရတနာလမ်းရှိ အဖွဲ့ခွဲအမှတ် (၁၄၆)၌ ဩဂုတ်၂၇ရက်မှ စက်တင်ဘာ ၃ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားပွဲကို ဇမ္ဗူအေးကျောင်းတိုက် မ/ဥက္ကလာပ ဆရာတော်ဦးဓမ္မသာရက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ လူဦးရေ ကန့်သတ်ထားသဖြင့် အချိန်မီစာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ

အရှင်အာဒိစ္စဝံသ

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပမည့်သတင်းကို သတင်းစာများတွင် ဖတ်လိုက်ရသဖြင့် ဝမ်းမြောက်ကြည်နူးဂုဏ်ယူမိပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ အထွန်းကားဆုံးသော နိုင်ငံတော်ဖြစ်ရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ကျင်းပရန်ရေခံ၊ မြေခံအနေဖြင့် အသင့်လျော်ဆုံးသော ဌာနဟုပင် ဆိုထိုက်လှပါသည်။

ပထမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ၁၉၉၈ ခုနှစ်တွင် ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က ဦးဆောင်၍ ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည်။ ညီလာခံကြီး ကျင်းပခြင်း၏ ရည်ရွယ်ချက်ကလည်း မွန်မြတ်လှပါသည်။

- **ကမ္ဘာ့ဗုဒ္ဓဘာသာဝင် ဂိုဏ်းပေါင်းစုံညီညွတ်ရေး**
- **ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေး**
- **ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ထွန်းရေးနှင့်**
- **ဗုဒ္ဓဘာသာဝင် နိုင်ငံများ ဝိုင်းဝန်းကူညီ ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်သည်။**

ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီယားနိုင်ငံ၌ ကျင်းပခဲ့သည်။ ထေရဝါဒငါးနိုင်ငံတွင် ပါဝင်သော ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့က လက်ခံကျင်းပခဲ့ရာ ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အမှန်ပင်လက်ခံကျင်းပသင့်လှပါသည်။ ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က "မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ထေရဝါဒဗုဒ္ဓဘာသာ၏ ဗဟိုချက်မသဖွယ်ဖြစ်နေသဖြင့်" ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် ပန်ကြားထားခဲ့သည်။ ထိုပန်ကြားချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၀၄ ခုနှစ်တွင် ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ကျင်းပရေးကို သဘောတူညီပြီး ဖြစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို နိုင်ငံတကာညီလာခံကြီးများအဆင့်နှင့်အညီ ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ၁၀–၆–၂၀၀၃ နေ့တွင် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က "စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို–

၁။ **ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သောနိုင်ငံ အချင်းချင်း ချစ်ခင်ရင်းနှီးမှုအပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ထွန်းကားစေရန်။**

၂။ **ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်။**

၃။ **ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ဗုဒ္ဓဘာသာပညာရေး ထွန်းကားပြန့်ပွားစေရန်။**

၄။ **ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်းအကျိုးပြုရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန်နှင့်**

၅။ **ဗုဒ္ဓတရားဓမ္မများ မူရင်းမပျက်နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန်–**

ဟူသောရည်ရွယ်ချက်ငါးရပ်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအစည်းအဝေးကို လက်ခံကျင်းပမည့် မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က အဆိုပြုသည့်အတိုင်း "ထေရဝါဒ ဗုဒ္ဓဘာသာ၏ ဗဟိုချက်မ"သဖွယ်ဖြစ်သော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာသည် သမိုင်းသက်တမ်းအားဖြင့် ရင့်ကျက်လှပေပြီ။ ရာဇဝင်များတွင် မှတ်တမ်းတင်ထားသည်မှာ သထုံမှ ပုဂံသို့ သာသနာရောက်လာပုံကိုသာ အထင်အရှားမှတ်တမ်း တင်ထားသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိခဲ့သည်မှာ သရေခေတ္တရာ ပျူခေတ်ကပင် ရောက်ရှိခဲ့ကြောင်း တူးဖော်တွေ့ရှိရသော ပျူအက္ခရာရေး ရွှေပေချပ်များက သာဓက ထူလျက်ရှိသည်။ မြန်မာ့သမိုင်းမတင်မီသော်ကပင် သာသနာရောက်နေသည်ဟု ဆိုနိုင်ပါသည်။

သာသနာနှစ် ၁၅၈၈၊ မြန်မာသက္ကရာဇ် ၄၀၆ ခု (ခရစ်–၁၀၄၄)ခုနှစ်တွင် အနော်ရထာမင်း နန်းတက်ခဲ့သည်။ (အနော်ရထာမင်း နန်းတက်သော သက္ကရာဇ်ကို မဟာရာဇဝင်ကြီး၌ ၃၆၄ ဟုဆို၍ မှန်နန်း၌ ၃၇၉ခု ဆိုသည်။) ဖော်ပြပါ သက္ကရာဇ်ကား သမိုင်းပညာရှင်တို့၏ အဆိုဖြစ်သည်။ အနော်ရထာမင်း နန်းတက်ပြီး ကိုးနှစ်အကြာတွင် အရှင်အရဟံ မထေရ်မြတ်ပုဂံသို့ကြွလာသည်။ အရှင်အရဟံ၏ လမ်းညွှန်ချက်အရ မြန်မာသက္ကရာဇ် ၄၁၉ ခုနှစ်တွင် သထုံမှ ပိဋကတ်တော်များ ပုဂံသို့ရောက်လာသည်။ အရှင်အရဟံ ရောက်လာချိန်မှစ၍ ရေတွက်လျှင် မြန်မာနိုင်ငံ သာသနာတော်သက်တမ်းသည် နှစ်ပေါင်း ၁၀၀၀ ကျော်ခဲ့လေပြီ။

အရှင်အရဟံ၏အဆုံးအမ အနော်ရထာမင်း၏ လမ်းညွှန်ချက်နှင့်အညီ မြတ်ဗုဒ္ဓ၏အဆုံးအမကို အလေးအနက်ထား၍ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ မင်းနှင့်ပြည်သူ ထက်သန်သောသဒ္ဓါတရားဖြင့် ကိုးကွယ်ဆည်းကပ်ခဲ့ရာ ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာ ဒွန်တွဲ၍ ထွန်းလင်းခဲ့သည်။ ပုဂံ၌ ပရိယတ္တိသာသနာ ထွန်းလင်းကြီးပမ်းခဲ့ပုံကို သာသနဝံသ ပဒီပိကာ စသော သာသနာသမိုင်းများတွင် မှတ်တမ်းတင်ထားသည်။

ကမ္ဘာကျော် သဒ္ဒနီတိကျမ်းကား ပုဂံခေတ်၏ ပရိယတ္တိသာသနာ ထွန်းလင်းပုံကို မော်ကွန်းထုလိုက်ခြင်းပင် ဖြစ်သည်။ ပုဂံခေတ်တွင် သမ္ဗန္ဓစိန္တာဋီကာ၊ ကာရိကာ စာကိုယ်၊ သဒ္ဒတ္ထဘေဒစိန္တာ၊ သဒ္ဒတ္ထဘေဒစိန္တာဋီကာ စသော သဒ္ဒါဘက်ဆိုင်ရာကျမ်းများ များစွာ ပေါ်ထွက်ခဲ့သည်။ ပရိယတ္တိသာသနာထွန်းကားခဲ့သောကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံ၌ အရင်းအမြစ် ခိုင်ခိုင်မာမာဖြင့် ထွန်းလင်းခဲ့သည်။ ပုဂံပြည်သူ၊ ပြည်သားတို့သည် လေးနက်သောသဒ္ဓါတရားဖြင့် ဘုရား၊ ဂူ၊ ကျောင်း၊ ပိဋကတ်တိုက်၊ တရားအိမ်၊ စကြံ၊ တံတိုင်း၊ ရေတွင်း၊ ရေကန်စသည်တို့ကိုလှူဒါန်းခဲ့ကြောင်း ကျောက်စာများတွင် ဖတ်ရှုနိုင်သည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာ လက်ရာမြောက်သော စေတီပုထိုး၊ ဆင်းတုရုပ်ပွားများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ သာသနာတော်ကို ယုံကြည်သော သဒ္ဓါတရားကြောင့် အနုပညာလက်ရာများ ပို၍ လက်ရာမြောက်လာသည်ဟုဆိုရသော် လွန်အံ့မထင်ပေ။

ပုဂံခေတ်ကစ၍ ထွန်းကားခဲ့သော မြန်မာ့သာသနာသည် ကုန်းဘောင်ခေတ်အထိ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ ဒွန်တွဲထွန်းကားခဲ့ပါသည်။ ယနေ့မျက်မှောက်ခေတ်တွင်လည်း ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု အသိအမှတ် ပြုထားသော ပိဋကတ်သုံးပုံကို ပြန်ဆိုအောင်မြင်သော တိပိဋကဓရ အရှင်မြတ်များပေါ်ထွန်းနေသည်။

သာသနာတော်၏မူလဖြစ်သော ပရိယတ္တိစာပေ လေ့လာမှုတွင် မြန်မာနိုင်ငံကဲ့သို့ အပြည့်အစုံ လေ့လာသင်ကြားသောနိုင်ငံမရှိဟုပင် ယူဆမိပါသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ၏ ဗဟိုချက်မသဖွယ်ဖြစ်နေသည်။

စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်လာကြသူများအား အမှတ်တရဖြစ်စေရန် မြန်မာနိုင်ငံသို့ သာသနာရောက်လာချိန်မှစ၍ ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်ခဲ့သော မြန်မာနိုင်ငံ၏ သာသနာဝင်သမိုင်းအကျဉ်းကို ရေးသားပြုစု၍ ဖြန့်ဝေသင့်ပါသည်။ ရုပ်ပြသမိုင်းကိုလည်း စနစ်တကျ ရိုက်ကူး၍ ပြသသင့်သည်ဟု ယူဆမိပါသည်။

ထင်ရှားသောစာသင်တိုက်ကြီးများ၌ ပိဋကတ်စာပေ ပို့ချပုံ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌သင်ကြားပုံ၊ ရိပ်သာများ၌ တရားအားထုတ်ပုံ စသော မြန်မာ့သာသနာ၏ဂုဏ်ယူဖွယ်ရာများကို ရိုက်ကူးပြသရလျှင် ညီလာခံတက်ရောက်သူများ၏ နှလုံးသားတွင် သဒ္ဓါတရားများတိုးပွားလာမည်မှာ မလွဲပေ။ ဗုဒ္ဓ၏ တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ပေးနိုင်က စစ်မှန်သောထေရဝါဒ ဗုဒ္ဓသာသနာသည် ကမ္ဘာကို လွှမ်းမိုးသွားမည်သာ ဖြစ်ပါသတည်း။ ။

ဩဂုတ် ၂၄ ရက်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) ဗိုလ်မှူးကြီးရဲချစ်ဖေတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဩဂုတ် ၂၄ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဝန်ထမ်းများအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက ငွေသားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်စဉ်။ (သတင်းဖော်ပြပြီး) (စက်မှု–၁)

ဘယ်ရင်ခွင်မှာမွေးစက်မှာလဲစာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၅

ရင်ခွင်သစ်ရှာသူများနှင့် အအေးမြဆုံးရင်ခွင်ကို မွေးစက်လိုသူတို့လက်စွဲပြုရမည့် ရွှေတောင်ဦးတောင် တောရဆရာတော်၏ "ဘယ်ရင်ခွင်မှာမွေးစက်မှာလဲ" စာအုပ်ကို မဏိရတနာ မိုးကုတ်ကျောင်း သွေးဆေးကန်တိုက်ဗဟန်း ပညာအလင်းပြစာပေ (၄၈) လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် ရန်ကုန်၊ စာပေလောက(၂)စာအုပ်ဆိုင်များ၊ ပညာမဉ္ဇူစာပေ ရွှေတိဂုံတောင်ဘက်မုခ် စာအုပ်ဆိုင်တို့၌ တန်ဖိုးကျပ် ၈၀၀ နှုန်းဖြင့် အုပ်ရေ ၅၀၀ သာရိုက်နှိပ်ပါသဖြင့် အချိန်မီပူဖော်နိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၈–၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (စိတ်ပညာ) (ခ) ပထမနှစ် (သမိုင်း)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင် (အပိုင်း–၇)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ **အရှင်ဇနကာဘိဝံသ–ထေရုပ္ပတ္တိမှတ်တမ်း (အပိုင်း–၂၁) မဂ္ဂင်ယာဉ်ကြီး အမြန်စီးခရီးထွက်တော့မည်**
	၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း–၁၉)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် နိုင်ငံတကာအဆင့်မီ ဖိုင်ဘာစပီဘုတ် တည်ဆောက်

ရန်ကုန် ဩဂုတ် ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းသို့ ရောက်ရှိကြပြီး ဂျပန်အင်ဂျင်နီယာများနှင့် မြန်မာအင်ဂျင်နီယာပညာရှင်များ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်း၍ တည်ဆောက်ပြီးစီးသွားသော နိုင်ငံတကာအဆင့်မီ Fibre Glass Speed Boat ကို ကြည့်ရှုစစ်ဆေးသည်။ ဂျပန်အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက ရေယာဉ်တည်ဆောက်ပုံ အဆင့်ဆင့်၊ အရွယ်အစား၊ မောင်းနှင်နိုင်မှုစွမ်းအား၊ အင်ဂျင်အမျိုးအစား စသည်များကို ရှင်းလင်းပြသကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ ယခု တည်ဆောက်ပြီးစီးသွားသော Fibre Glass Speed Boat မှာ အရှည်ခြောက်မီတာ၊ ဖြက် ၂ ဒသမ ၄ မီတာရှိပြီး ရေမိုင်တစ်နာရီမိုင် ၁၃၀ နှုန်း မောင်းနှင်နိုင်သည်။ အင်ဂျင်အမျိုးအစားမှာ Mercury အင်ဂျင်ဖြစ်ပြီး Silver Wave Co., Ltd နှင့် AJMMC တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အတွက် ပထမဦးဆုံး တည်ဆောက်ပေးခြင်းဖြစ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ရန်ကုန်မြို့ ဆူးလေအမှတ်(၃) ဆိပ်ကမ်းသို့ ရောက်ရှိကြပြီး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် မော်လမြိုင်သင်္ဘောဖြင့် စင်ကာပူနိုင်ငံမှ တင်ဆောင်လာသော ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် မှာယူတင်သွင်းသည့် ဘိုးပိုင်တူးစက်နှင့် စက်ပစ္စည်းများ သင်္ဘောပေါ်မှ မော်တော်ယာဉ်များပေါ်သို့ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းပစ္စည်းများ ရောက်ရှိလာသည့်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို ပြည်ပခရီးသည်နားနေဆောင် အရှည်ပေ ၃၄၀ နှင့် အကျယ်ပေ ၁၄၀ မှ အရှည်ပေ ၈၀၀ နှင့် အကျယ်ပေ ၂၀၀ နှစ်ထပ်ခွဲဆောင်အဖြစ် တိုးချဲ့တည်ဆောက်သွားမည် ဖြစ်သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းတွင် အသုံးပြုရန် ဆူးလေအမှတ်(၃) ဆိပ်ကမ်းသို့ ရောက်ရှိလာသော ဘိုးပိုင်တူးစက်နှင့် စက်ပစ္စည်းများ သင်္ဘောပေါ်မှ မော်တော်ယာဉ်များပေါ်သို့ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေးနည်းပညာ ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်သို့ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ဧည့်သည်တော်အဖြစ် အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာရွန်ရှိုရီခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော်ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးသတင်း ပြန်ကြားရေးနည်းပညာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာရွန်ရှိုရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃နာရီခွဲတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာနာယက ကျောင်းတော်ကြီးသို့ သွားရောက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အမှူးပြုသော တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ကြီးများနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့မှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ အနောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ သီတင်းသုံးတော်မူသော ကဿပဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်ပူဇော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဧည့်သည်တော် ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီး မစ္စတာ အာရွန်ရှိုရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄နာရီတွင် ဗဟန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့၏ ဓမ္မဇောတိ ဝိပဿနာရိပ်သာသို့ သွားရောက်လေ့လာကြရာ အဆိုပါ ရိပ်သာဂေါပကအဖွဲ့နာယက ဦးရွှေ၊ ဥက္ကဋ္ဌ ဦးဥဂ္ဂါနှင့် တာဝန်ရှိသူများက ရိပ်သာ၌ ဝိပဿနာတရား ကျင့်ကြံပွားများအားထုတ်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဗီဒီယိုဖြင့် ရှင်းလင်းပြသကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး နည်းပညာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာရွန်ရှိုရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ပြည်လမ်းရှိနိုင်ငံခြားရေးဝန်ကြီးဌာန ဓိဇဝါရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)



လုပ်ငန်းခွင်ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းရှိ ပုံညာတောင်ဥမင်လုပ်ငန်းခွင် ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

✪ **ရှေ့ဖုံးမှ**

တစ်နှစ်အထက် တာဝန်ထမ်းဆောင်ခဲ့သူများ၊ အခါအားလျော်စွာ လာရောက် တာဝန်ထမ်းဆောင်သူများနှင့် ဥမင်အဝင်လမ်း၊အထွက်လမ်းဖောက်လုပ်သည့် အဖွဲ့များအား ဒုတိယဝန်ကြီးကလည်းကောင်း ဆုများချီးမြှင့်ရာ စီမံကိန်းမန်နေဂျာ ဦးမောင်မောင်သွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုံညာတောင် ဥမင်လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ဥမင်အဝင်လမ်း (ကျောဘက်ခြမ်း) မိုင်တိုင်အမှတ် ၄၈ ၌ ကျောက်တောင်ယမ်းခွဲခြင်းနှင့် မြေသားလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၅၀)၌ တည်ဆောက်မည့် ကားလမ်းကျော်တံတားတိုင်များ တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဥမင်(အရှေ့)မှ ဝင်ရောက်၍ အမိုးခုံးပိုင်း ကွန်ကရစ်လောင်းခြင်း ပြီးစီးမှုအခြေအနေ၊ သံချည်သံကွေးလုပ်ငန်းများနှင့် ကျောက်သားပြောင်းလဲမှုကြောင့် ကွန်ကရစ်ထုဒိုင်း ပြောင်းလဲရန် ကျောက်သား ထိုးခွဲမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

Myanmar Perspectives

အတွဲ(၈)-၁/ ၂၀၀၃ ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် မျက်မှောက်အခြေအနေ အရပ်ရပ်ကို

အင်္ဂလိပ်ဘာသာစကားဖြင့် ဝါရင့်စာရေးဆရာကြီးများ၏ အရေးအသားကို ယခု ထုတ်ဝေလိုက်ပြီဖြစ်သော Myanmar Perspectives အတွဲ(၈)-၁/၂၀၀၃ တွင် ဖတ်ရှုနိုင်သည်။

(အောက်ဝဲပုံ)

Myanmar Perspectives အတွဲ(၈)-၁/၂၀၀၃ကို အင်းဝစာအုပ်တိုက် ဆူးလေဘုရားလမ်း ရန်ကုန်မြို့၌ ဝယ်ယူရရှိနိုင်သည်။

အကြံဉာဏ်နှင့် မှတ်ချက်များ ပေးလိုပါက P. O. Box : 846 နှင့် e-mail: kkh @ mpt mail. net. mm သို့ ဆက်သွယ်နိုင်သည်။

Myanmar Perspectives လစဉ်ထုတ် အီလက်ထရွန်နစ် စာစောင်ကိုလည်း website-http: // www. myanmar. com၊ http:// www. perspective. net. mm တို့တွင် ရှုစားနိုင်သည်။

(သတင်းစဉ်)

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၁-၉-၂၀၀၃ မှ ၇-၉-၂၀၀၃)

အသက် ၆လမှ ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ ဆေးလုံးတိုက်ပါ။
ကိုယ်ဝန်ဆောင်မိခင်များ သံဓာတ်ပါသောဆေး မှီဝဲပါ။
မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
အသက်အရွယ်အလိုက် အာဟာရမျှတအောင် စားသောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

စီးပွားကူးသန်း ရှေ့သို့လှမ်း

▲ **ကျောဖုံးမှ**

ပေါင်းလောင်းမြစ်သည်စစ်တောင်းမြစ်၏ မြစ်ဖျားပိုင်းမှ မြစ်လက်တက်တစ်ခုဖြစ်သည်။ ရှမ်းကုန်းပြင်မြင့်၌ မြစ်ဖျားခံပြီး တစ်စက္ကန့်လျှင် ရေထုစီးနှုန်း ကုဗပေ ၄၅၂၀ ရှိ၍ ရေစီးအားသန်သော မြစ်တစ်စင်းဖြစ်သည်။ ရမည်းသင်းဒေသတွင် လွင်ပြင်ကိုဖြတ်သန်းစီးဆင်းလာသော ဆင်သေချောင်းနှင့် ပျဉ်းမနားမြို့ကို ဖြတ်သန်းစီးဆင်းလာသော ငလိုက်ချောင်းတို့သည် ပျဉ်းမနားမြို့ အရှေ့ဘက်တစ်နေရာတွင် ပေါင်းဆုံ၍ ပေါင်းလောင်းမြစ်တွင်းသို့ စီးဝင်သွားပြီး စစ်တောင်းမြစ် ဖြစ်ပေါ်လာသည်။ ဆင်သေချောင်းနှင့် ငလိုက်ချောင်းတို့မှာ မိုးတွင်းအခါ၌သာ ရေစီးဆင်းမှုရှိသော ချောင်းများဖြစ်ကြပြီး ကျန်ရာသီများ၌ ရေစီးဆင်းမှု မရှိသလောက် နည်းပါးသည်။ ယခုအခါ ငလိုက်ချောင်းပေါ်၌ပင် ငလိုက်ချောင်းရေလှောင်တမံ တည်ဆောက်ပြီးစီးသွားခဲ့ပြီဖြစ်သည်။

ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ပျဉ်းမနားမြို့မှ မြောက်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး မိနစ်အနည်းငယ်မျှကြာလျှင်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း လမ်းခွဲကိုတွေ့ရသည်။ လမ်းခွဲအတိုင်း အရှေ့ဘက်သို့ ဆက်လက်မောင်းနှင်သွားပြီး ရှမ်းကုန်းပြင်မြင့်၏ တောင်စွယ်တောင်တန်းများခြေရင်းသို့ ကပ်မိလျှင် ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်၏ အံ့မခန်းကြီးမားလှသော မြင်ကွင်းကျယ်ကြီးကို တွေ့မြင်ရမည်ဖြစ်သည်။ စီမံကိန်းနေရာနှင့် ပျဉ်းမနားမြို့မှာ ၁၁ မိုင်ကွာဝေးသည်ဟု သိရသည်။

တာဝန်ခွဲဝေ

ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ရေအားလျှပ်စစ်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က ကဏ္ဍအလိုက် တာဝန်ခွဲဝေ ဆောင်ရွက်လျက်ရှိသည်။

ရေလွှဲဥမင်လိုဏ်နှစ်ခု အပါအဝင် ဆက်စပ်အဆောက်အအုံများ၊ ရေယူအဆောက်အအုံ (Power Intake) ဆောက်လုပ်ခြင်း အပါအဝင် ဒိုက်ကာသံဆန်ခါ (Trask Rack) နှင့် ရေတံခါးများ တပ်ဆင်အသုံးပြုမည့် သံထည်ပစ္စည်းလုပ်ငန်းများ၊ ဥမင်လိုဏ် အကြီးအသေး ၃၇မျိုး (စုစုပေါင်း ဥမင်လိုဏ် အလျား ၃၃၀၀ မီတာ) ပါဝင်သော မြေအောက်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ တာဘိုင်ဂျင်နရေတာနှင့် ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်း၊ ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ပျဉ်းမနားဓာတ်အားခွဲရုံ တိုးချဲ့ခြင်းလုပ်ငန်းတို့ကို ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းတို့ကိုမူ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ ဦးစီးဌာနနှစ်ခုလုံး ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းများမှာ ကြီးမားလှသကဲ့သို့ ထူးခြားလှသည်ကိုလည်း မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသည်။



အဆင်းခက်ခက် အတက်ကြမ်းကြမ်း လုပ်ငန်းခွင်မျိုးတွင်လည်း အမျိုးသမီးအင်ဂျင်နီယာများ ဖွဲ့သတ္တိဖြင့် တာဝန်ထမ်းဆောင်ကြသည်ကို တွေ့ခဲ့ရသည်။ ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

ရေလှောင်တမံ

ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသော ရေလှောင်တမံကြီးမှာ ပေါင်းလောင်းမြစ်၏ တစ်ဖက်တစ်ချက်တွင်ရှိနေသော တောင်ကြီးနှစ်လုံးဆီသို့ ဖြတ်ပိတ်နေခြင်းဖြစ်သည်။ ရေလှောင်တမံအမျိုးအစားမှာ ကျောက်ဖြည့်မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျား ၃၀၈၄ ပေ ရှည်သည်။ ရေလှောင်တမံ၏အမြင့်မှာ ပေ ၄၃၀မြင့်မည်ဖြစ်သည်။ ကန်ရေပြည့်ချိန်တွင် ရေလှောင်ပမာဏ ၅၅၉၄၁၀ ဧကပေရှိမည်ဖြစ်ပြီး အကျိုးပြု ရေလှောင်ပမာဏမှာ ၂၈၃၇၆၀ဧကပေရှိမည်ဖြစ်သည်။

ရေပိုလွှဲမှာ ရေတံခါးမပါသော လှေကားထစ်ပုံစံ ရေပိုလွှဲကို တည်ဆောက်လျက်ရှိပြီး အကျယ်ပေ ၄၁၀ ရှိကြောင်း၊ တစ်စက္ကန့်လျှင် ရေထုစီးနှုန်း ၃၅၃၁၆၀ ကုဗပေ စီးထွက်နိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

တစ်ဖန် ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသော လုပ်ငန်းများမှာလည်း ထူးခြားလှသည်။ အလျားပေ ၃၁၀၊ အနံပေ ၅၀၊ အမြင့်ပေ ၁၄၀ရှိသော ရေအားလျှပ်စစ်စက်ရုံကြီးကို ကျောက်တောင်ကြီးအတွင်း လိုဏ်ခေါင်းဖောက်၍ တည်ဆောက်လျက်ရှိသည်။ ယင်းစက်ရုံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် တစ်လုံးလျှင် မဂ္ဂါဝပ် ၇၀ ထုတ်လုပ်ပေးနိုင်မည့် ဒေါင်လိုက်ဖရန်စစ် တာဘိုင်လေးလုံးကို တပ်ဆင်ပြီး ၂၈၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးမည်ဖြစ်ရာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ပျမ်းမျှ ကီလိုဝပ်နာရီ ၉၁၁သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ပူးတွဲဆောင်ရွက်

ရေလွှဲဥမင်လိုဏ်နှစ်ခုနှင့် ရေယူအဆောက်အအုံ (Power Intake)၏ ဆက်စပ်ဥမင်လိုဏ်များ၊ မြေအောက် ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်ဥမင်လိုဏ်များ စသည်တို့မှာ မြေအောက် ပေ ၄၀၀ကျော်အနက်တွင် ဆက်သွယ် ဖောက်လုပ်လျက်ရှိသော လုပ်ငန်းများဖြစ်ကြပြီး ခက်ခဲကြမ်းတမ်းသောလုပ်ငန်းများ၊ ရဲရဲစွန့်စားဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ယင်းလုပ်ငန်းများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ အမျိုးသမီး အင်ဂျင်နီယာများကပါ ကျွမ်းကျင်စွာ လုပ်ကိုင်လျက်ရှိကြရာ ဤသည်မှာလည်း ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်း၏ ထူးခြားချက်တစ်ခုပင်ဖြစ်သည်။ အမျိုးသမီးအင်ဂျင်နီယာအဖွဲ့ကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်းက ဦးဆောင်၍ ဥမင်များဖောက်လုပ်ခြင်း၊ ရေလွှဲအဆောက်အအုံ၊ ရေဝင်အဆောက်အအုံ၊ ဖိအားမြှင့်ပိုက်လိုင်းတစ်လျှောက် ကွန်ကရစ်လုပ်ငန်းများ၊ မြေအောက် ဓာတ်အားပေးစက်ရုံ စသည့်လုပ်ငန်းများကို မြို့ပြအင်ဂျင်နီယာများနှင့် ပူးတွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖော်ပြပါလုပ်ငန်းများမှာ သာမန်ပညာရှင် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် လုပ်ငန်းများမဟုတ်မူဘဲ ဖွဲ့သတ္တိနှင့် မြင့်မားခိုင်မာသည့် စိတ်ဓာတ်ရှိမှသာ လုပ်ဆောင်နိုင်သော လုပ်ငန်းများဖြစ်ရာ နုနုနယ်နယ် ငယ်ရွယ်သူ အမျိုးသမီးအင်ဂျင်နီယာများက ဤကဲ့သို့ နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်လုပ်ကိုင်နေမှုများမှာ မြန်မာအမျိုးသမီးထုအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သလို ယနေ့ကာလ အမျိုးသမီးများ၏ ကာယဉာဏ စွမ်းဆောင်ရည်များကို နိုင်ငံတော်မှ အသိအမှတ်ပြုပြီး ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်မှု၏ ရလဒ်တစ်ခုအဖြစ်လည်း ရှုမြင်နိုင်ပေသည်။

စမ်းသပ်တာဝန်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ယခုကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းတွင်သာ အမျိုးသမီးများကို စမ်းသပ်တာဝန်ပေးအပ်ရာမှ လုပ်ငန်းအောင်မြင်မှုများနှင့် အမျိုးသမီးအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်မြင့်မားသော လုပ်ငန်းအတွေ့အကြုံများကို သိရှိလာရသည့်အတွက် နောင်တွင် စီမံကိန်းလုပ်ငန်းကြီးတစ်ခုလုံးကို အမျိုးသမီးအင်ဂျင်နီယာများဖြင့်သာ ဦးစီးလုပ်ဆောင်နိုင်ရန် တာဝန်ပေးအပ်သွားနိုင်မည့် အလားအလာများကို စဉ်းစားနေကြောင်း သိရသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် အမျိုးသမီးများ၏ စွမ်းပကားကို ယခုကဲ့သို့ အသိအမှတ်ပြုပြီး အမျိုးသမီး စွမ်းဆောင်ရှင်များ၏

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

ဤကဲ့သို့ တိုင်းတာရေးလုပ်ငန်းများတွင်လည်း အမျိုးသမီး အင်ဂျင်နီယာတို့ ပါဝင်ဆောင်ရွက်ကြသည်။ ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

ဓာတ်အားပေးစက်ရုံကို ဤအဆောက်အအုံနောက်ဘက်ရှိ ကျောက်တောင်အောက် ပေ ၄၀၀ ကျော်အနက်တွင် တည်ဆောက်ထားသည်။
ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၀၃ (အင်္ဂါနေ့)

၁၃၆၅ခုနှစ်၊ဝါခေါင်လကွယ်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း၊

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Islands of Dhamms.
၈:၅၀ ၁၀။ **ဘဒ္ဒန္တဩဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)တွဲဖက်အကျိုးတော်ဆောင်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပုဏ္ဏာမာရာမစျေးကျောင်း၊ ညောင်တုန်းမြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း၊

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ပဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ဒုတိယဆု)(အထက-၁၊ သန်လျင်) (အမျိုးသား၊ဝတ်ရွတ်အဖွဲ့)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ)(ရက္ခဗေဒ)
၅:၁၅ ၆။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် ဓမ္မပူဇာတေး(ပညာရှင်အဆင့်) (အမျိုးသမီး)
၅:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၄၅ ၈။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ Milo Success in Soccer
၇:၁၅ ၁၃။ မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း ပဥ္စမဆယ်စုနှစ်(အပိုင်း-၂)
၇:၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
၇:၄၅ ၁၅။ လေးကျွန်းမာန်အောင်စေတီတော်(သောတာပန်ရပ်၊ စစ်ကိုင်းမြို့နယ်)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၆)**
၂၀။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး၊ ပြည့်အကျိုး

တောင်သာမြို့နယ် တလိုင်းရပ်ရွာသစ်အစိုးရအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် ရွာသစ်ကျောင်း ကျောင်းသားဟောင်းများက အလှူငွေလှူဒါန်းပွဲတွင် ကျောင်းသားဟောင်း ဆရာကြီး ဦးကျော်လှက ငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဒေါ်ယဉ်ယဉ်နွဲ့က လက်ခံယူစဉ်။ (က-ပ)

❒ **စာမျက်နှာ ၉ မှ**

စွမ်းရည်ကို နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် စိတ်ချယုံကြည်စွာ တာဝန်ပေးအပ်ခြင်းကြောင့် နောင်တွင် ယခုကဲ့သို့ အရည်အသွေးမြင့် အမျိုးသမီးအင်ဂျင်နီယာများ ပေါ်ထွန်းလာပြီး နိုင်ငံတော်အတွက်သာမက အမျိုးသမီးထုအတွက်ပါ ဂုဏ်ယူဖွယ်ရာ စံနမူနာပြ အင်ဂျင်နီယာအမျိုးသမီးများ ထွက်ပေါ်လာနိုင်တော့မည်ဖြစ်ပေသည်။

ပြီးစီးမှုရာနှုန်း

ကြေးမုံသတင်းအဖွဲ့ ရောက်ရှိခဲ့သော ဇူလိုင်လအတွင်း ဥမင်လိုဏ်ခေါင်းဖောက်လုပ်ခြင်းလုပ်ငန်း ၉၅ရာခိုင်နှုန်း၊ မြေအောက် ဓာတ်အားပေးစက်ရုံတည်ဆောက်မည့် ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း ၉၇ရာခိုင်နှုန်းတို့ ပြီးစီးနေပြီဖြစ်သည်။ ရေအားလျှပ်စစ်စီမံကိန်းအတွက် အဓိကကျသည့် ရေဝင်တံခါး၊ ရေယူအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို အဓိကဦးစားပေး၍ အားသွန်ခွန်စိုက် ဆောင်ရွက်နေကြကြောင်း တွေ့ရသည်။

ရေအားလျှပ်စစ်စက်ရုံ၏ ပထမဆုံး တာဘိုင်ကို ယခုနှစ် ဒီဇင်ဘာလတွင် အပြီးတပ်ဆင်မည်ဖြစ်ပြီး လေးလုံးမြောက် နောက်ဆုံးတာဘိုင်ကို ၂၀၀၄ ခုနှစ်အတွင်း အပြီးတပ်ဆင်မည် ဖြစ်ကြောင်းနှင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရန် ရည်မှန်းပြီး အားကြိုးမာန်တက် ဆောင်ရွက်နေကြပါကြောင်း မျက်မြင်ကိုယ်တွေ့ ရေးသားဖော်ပြလိုက်ပါသည်။ ။ **(ကြေးမုံ)**

ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှ စွမ်းအားရှင် အင်ဂျင်နီယာအမျိုးသမီးများ။

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းအတွက် တံတားသံပေါင်များ မော်လမြိုင်သင်္ဘောပေါ်မှ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

သံလွင်တံတားအတွက် သံပေါင်များရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေ၊ ဗိုလ်မှူးချုပ် မြင့်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်ဆူးလေဆိပ်ကမ်းအမှတ်(၃)သို့ ရောက်ရှိလာ၍ ရန်ကုန်-ဆူးလေ ဆိပ်ကမ်းအမှတ်(၃)သို့ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် မော်လမြိုင်သင်္ဘောဖြင့် သယ်ယူရောက်ရှိလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Heavy Machinery Corporation မှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းအတွက် တတိယအသုတ် တံတားသံပေါင် ၅၈၀၂တန် သင်္ဘောပေါ်မှသယ်ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး တံတားသံပေါင်များ လုပ်ငန်းခွင်သို့ အမြန်ဆုံး ပို့ဆောင်သွားရန်နှင့် စနစ်တကျ ထားရှိပြီး လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ဂရုစိုက် ဆောင်ရွက်ကြရန် မှာကြားသွားသည်။

(သတင်းစဉ်)

အင်္ဂလိပ်အရေးအပြော သင်တန်းတက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၂၅

MAY Int'l Education & Training Center မှ နိုင်ငံတကာကျောင်းဝင်ခွင့် လျှောက်ထားရာတွင် မရှိမဖြစ် လိုအပ်သည့် TOEFL နှင့် IELTS စာမေးပွဲ ပြင်ဆင်မှုသင်တန်းများကိုလည်းကောင်း၊ အခြေခံ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောနှင့် စကားပြောသီးသန့် သင်တန်းများကိုလည်းကောင်း(စနေ၊ တနင်္ဂနွေ)တန်းခွဲသစ်များနှင့် (တနင်္လာမှ သောကြာ) တန်းခွဲသစ်များ ဩဂုတ်လနောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

စက်တင်ဘာ ၇ရက်တွင် ကျင်းပမည့် TOEFL စာမေးပွဲကို Institutional Testing Program(ITP) ဖြင့် လွယ်ကူလျင်မြန်စွာ စစ်ဆေးပေးမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုမည့်သူများ ကျောင်းရုံးခန်းတွင် စာရင်းပေးသွင်း၍ Bulletin လာရောက်ထုတ်ယူနိုင်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၄၂၂၄နှင့် ၅၄၅၃၇၅တို့သို့ နံနက် ၇နာရီမှ ည ၇နာရီအတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

အာစင်နယ်က မစ်ဒယ်လ်ဘာရိုးကို လေးဂိုးပြတ်နိုင် မန်ယူနှင့် ချယ်လ်ဆီးတို့ကဲ့သို့ ခြောက်မှတ်ရရှိထား

လန်ဒန် ဩဂုတ် ၂၅

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်များကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာ နာမည်ကြီးအာစင်နယ်အသင်းက မစ်ဒယ်လ်ဘာရိုးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်ရာ မန်ချက်စတာယူနိုက်တက်နှင့် ချယ်လ်ဆီးတို့ကဲ့သို့ပင် ခြောက်မှတ်စီဖြင့် အင်္ဂလိပ်ပရီမီယာလိဂ် တန်းစီဇယားတွင် ထိပ်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။

သို့ရာတွင် ယမန်နှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ဒုတိယနေရာလိုက်ခဲ့သည့် အာစင်နယ်နှင့် လက်ရှိချန်ပီယံ မန်ချက်စတာတို့မှာ ဂိုးအသာဖြင့် ချယ်လ်ဆီးထက် ထိပ်တွင်ပြေးနေသည်။

ရေဗားဆိုက်ကစားကွင်းတွင်ယှဉ်ပြိုင်ကစားသည့် အာစင်နယ်နှင့် မစ်ဒယ်လ်ဘာရိုးတို့ပွဲတွင် အာစင်နယ်က ခြေအသာဖြင့် ကစားသွားသည်။ ပထမပိုင်း ၂၂ မိနစ်အတွင်းမှာပင် အာစင်နယ်အသင်းက သုံးဂိုးသွင်းယူခဲ့သည်။ ပထမပိုင်း ငါးမိနစ်မှာပင် အာစင်နယ်တိုက်စစ်မှူး သီဟာရီက အဖွင့်ဂိုးကိုလည်းကောင်း၊ ၁၃ မိနစ်တွင် ဘရာဇီးကွင်းလယ်ကစားသမား ဂျီဘာတိုဆီလ်ဗားကလည်းကောင်း၊ ၂၂မိနစ်တွင် ဆယ်လ်ဗိန်းဝီလ်တော့က တတိယဂိုးကိုလည်းကောင်း သွင်းယူခဲ့ကြပြီး ပထမပိုင်းတွင် အာစင်နယ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဒုတိယပိုင်းတွင် အာစင်နယ်က တစ်ဂိုးထပ်မံသွင်းယူသဖြင့် ပွဲအပြီးတွင် အာစင်နယ်က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗီလာပတ်ခ်ကစားကွင်းတွင် ယှဉ်ပြိုင်သည့် အက်စတန်ဗီလာနှင့် လီဗာပူးတို့ ဂိုးမရှိသရေပွဲဖြစ်ကာ ပရီမီယာလိဂ်ပွဲစဉ် စာရင်းတွင် ပထမဆုံးတစ်မှတ်စီ ရရှိသွားကြသည်။

အမ်အင်အေ၊ရိုက်တာ။

အိုင်တီအင်ဂျင်နီယာနည်းပညာ ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA)မှကြီးမှူး၍ လစဉ် Seminar များ ကျင်းပပေးလျက်ရှိရာ MCC Co.,Ltd ၏ ပံ့ပိုးကူညီမှုဖြင့် "IT Engineering Technique for Asian Countries" Seminar ကို ဟောပြော ဆွေးနွေးမည်ဖြစ်သည်။ ယင်းဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar ICT Park (Conference Hall)၌ ဩဂုတ် ၃၀ ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအထိ ကျင်းပမည် ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ IT ပညာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ် သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

အင်္ဂလိပ်စာသင်ထောက်ကူစာအုပ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၅

နဝရတ်ပညာရေးမိသားစု အင်္ဂလိပ်စာ အဖွဲ့မှ ပြုစုထုတ်ဝေသော The Student's Digest စာစောင်များကို သူငယ်တန်းမှပဉ္စမတန်းအထိ တစ်အုပ်ချင်း ဖြန့်ချိလျက်ရှိပြီး ဆဋ္ဌမတန်းမှ အဋ္ဌမတန်းအထိ သင်ခန်းစာများ ပါဝင်သော အလယ်တန်းအဆင့် စာစောင်ကို အမှတ်စဉ်(၁)မှ(၁၀)အထိ အတွဲလိုက် ဖြန့်ချိလျက်ရှိသည်။ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် အထက်တန်းအဆင့် စာစောင်ကိုလည်း အမှတ်စဉ်(၁)မှ(၁၀)အထိ လစဉ်ဖြန့်ချိလျက်ရှိရာ စာစောင်အားလုံးကို အောက်တိုဘာလအတွင်း ဖြန့်ချိသွားမည် ဖြစ်သည်။

တန်းစဉ်အလိုက် အင်္ဂလိပ်သဒ္ဒါပို့ချချက်များ၊ သင်ရိုးပြဋ္ဌာန်းပါ သင်ခန်းစာအလိုက် ရှင်းလင်းချက်နှင့် လေ့ကျင့်ခန်းများကို စာမေးပွဲ မေးခွန်းပုံစံနှင့်အညီပြုစုပေးထားသော ယင်း The Student's Digest စာစောင်များကို ဖြန့်ချိရေးမှူး နဝရတ်ပညာရေးမိသားစု အမှတ်(၈၂)တတိယထပ် အနော်ရထာလမ်းနှင့် (၃၉)လမ်းထောင့် ကျောက်တံတားမြို့နယ် ဖုန်း-၂၅၀၂၂၅နှင့် ထွန်းစာပေ ဆူးလေဘုရားလမ်း ရန်ကုန်မြို့နှင့် ထွန်းဦးစာပေ မန္တလေးမြို့တို့တွင် မှာကြားဝယ်ယူနိုင်ကြောင်း သိရသည်။

(က-ပ)

ဟာသဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၅

ကာတွန်း မောင်မောင်ညွှက်၏ "မြားနတ်မောင်"ကာတွန်းမျက်နှာဖုံးနှင့် ကာတွန်းမြေဇာ၏ ကိုကိုစိန်ရိုး ကာတွန်းဇာတ်လမ်း အပါအဝင် ဆရာသာဂဒိုး၊ ဆရာအိကြာကွေး၊ ဇော်မှူး၊ ဆြာကြီးထိန်၊ ဆရာကြီးထိပ်တင် ဗလရှင်၊ သုဝဏ္ဏကျော်စိန်၊ မောင်ဆင့်၊ မောင်ရဲလှတို့၏ ဟာသအတွေးအရေးများဖြင့် "ဟာသ"ဂျာနယ် အတွဲ(၂) အမှတ်(၄)ကို ယနေ့ထုတ်ဝေလိုက်ပြီး ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(ယာပုံ)**(က-ပ)

အင်းစိန်မြို့နယ် အမက(၃၉)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ်၂၄ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းကျောင်းသူ မသီရိကေသွယ်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၆၂)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ရဟန်းတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၅

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် သင်တန်းသားရဟန်းတော်အပါး ၄၅၀တို့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းကပ်လှူဒါန်းပွဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့တက်ရောက်ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၏ဇနီး ဒေါ်ဝင်းဝင်းဒေါင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ဝတ္ထုပစ္စည်းလှူဒါန်း

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလခံယူကြပြီး ဝန်ကြီးနှင့်ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက်တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် ၂၇၀၀၀၀ နှင့် လှူဖွယ်ပစ္စည်းအလှူတော်ငွေ ကျပ် ၄၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၁၀၀၀၀ကို ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်ကလက်ခံပြီး ဆရာတော်သံဃာတော်များထံမှ အနုမောဒနာတရား နာယူကြကာ ရေစက်သွန်းချအမျှပေးဝေသည်။ ဆက်လက်၍ သံဃာတော်များအား ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၏ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် သင်တန်းသားရဟန်းတော်များအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက တစ်နေ့တာဆွမ်းအလှူတော်ငွေနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းငွေ စုစုပေါင်း ၃၁၀၀၀၀ ကျပ်ကို ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က လက်ခံယူစဉ်။ (ဘဏ္ဍာ/အခွန်)

အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပွဲ

တံခွန်ကစွမ်းအင်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲအဖြစ် (ခ)အုပ်စုမှ စွမ်းအင်အသင်းနှင့် တံခွန်အသင်းတို့သည် ယနေ့ညနေ ၄နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တံခွန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တံခွန်အသင်း နှစ်ဂိုး။
(ထွန်းမင်းဦး)
စွမ်းအင်အသင်း တစ်ဂိုး။
(နိုင်ဝင်း)
အကောင်းဆုံးဆု ထွန်းမင်းဦး(တံခွန်)။
ဒိုင်လူကြီး ဦးလှသန်းမောင်။

အတိုးတက်ဆုံးအသင်း

ပုဂ္ဂလိကအသင်းများထဲတွင် အချိန်တိုတိုအတွင်း အတိုးတက်ဆုံးနှင့် အကောင်းဆုံးအသင်းဖြစ်သော တံခွန်ဘောလုံးအသင်းသည် ယခုနှစ်ဘောလုံးရာသီအသစ်တွင် အသင်းမှအားထားရသော ကစားသမားအချို့ အသင်းပြောင်းရွှေ့သွားသော်လည်း ကစားကွက် ပျက်မသွားဘဲ အချိတ်အဆက်မိမိ၊ အတွဲညီညီ၊ ကစားကွက် မြိုင်မြိုင်ဆိုင်ဆိုင် အစွမ်းပြကစားသွားပြီး ယမန်နှစ် ဒုတိယဆုရ စွမ်းအင်အသင်းကို အနိုင်ရသွားသည်။ တံခွန်အသင်းက တန်ပြန်တိုက်စစ်များဖြင့် ထိုးစစ်ဆင်ကစားသွားရာ စွမ်းအင်အသင်း မည်သို့မျှ မတတ်နိုင်ဘဲ တံခွန်အသင်းကို အရှုံးပေးလိုက်ရသည်။

အစွမ်းကုန်ပြင်ဆင်

တံခွန်ဘောလုံးအသင်းသည် ရာသီသစ်တွင် ယမန်နှစ်ဘောလုံးရာသီထက် အောင်မြင်မှုပိုရရေး၊ ပြီးခဲ့သည့်ကွင်းဖွင့်ပြိုင်ပွဲတွင် မကျော်လွှားနိုင်ခဲ့သော အုပ်စုအဆင့်ကို ကျော်လွှားနိုင်ရေးအတွက် အသင်းကို ပြင်းပြင်းထန်ထန် လေ့ကျင့်မှု ပြုလုပ်ကာ အကောင်းဆုံးအနေအထားသို့ ရောက်ရေး အစွမ်းကုန်ပြင်ဆင်ခဲ့သည်။ လူအင်အား ထပ်မံဖြည့်တင်းသောအနေဖြင့် ကမ္ဘောဇ(က)အသင်းမှ သုံးဦးနှင့် ပြင်ပမှကစားသမားတစ်ဦးတို့ကို ခေါ်ယူအားဖြည့်ထားခဲ့သည်။ ယနေ့ပွဲတွင် နိုင်ငံတော်အတွက် ရွှေဆုရယူပေးခဲ့သော မြန်မာလူငယ်အသင်းမှ တိုက်စစ်မှူး ထွန်းမင်းဦးနှင့် နောက်ခံလူ ဟန်ဝင်းအောင်တို့သည် တံခွန်အသင်းတွင် အစွမ်းပြ ကစားသွားနိုင်သည်ကို တွေ့ရသည်။ ထွန်းမင်းဦးက အဖိုးတန်သော ဂိုးနှစ်ဂိုးကို သွင်းယူနိုင်ခဲ့သည့်အပြင် ဟန်ဝင်းအောင်ကလည်း တံခွန်၏ခံစစ်ကို ပိုင်ပိုင်နိုင်နိုင် မိမိရရ ကာကွယ်နိုင်ခဲ့သည်။ လက်ရွေးစင်ဂိုးသမား ယဉ်မင်းအောင်မှာ သေချာပေါက်ဂိုးများကို ကာကွယ်နိုင်ခဲ့သည်။

စွမ်းအင်အသင်းတွင် မြန်မာလူငယ်အသင်းမှ ဇော်ထက်အောင်၊ မင်းမင်းထွန်း၊ နိုင်ဝင်း၊ ပဏာမမြန်မာ့လက်ရွေးစင်အသင်းမှ အေးမင်းထွန်း စသည့် ကစားသမားလေးဦးနှင့် အသင်းမှ အမာခံကစားသမားများကို တွဲဖက်၍ ပွဲထုတ်လာသော်လည်း ခြေမှန်ပျောက်နေသည်ကို တွေ့ရသည်။ အထူးသဖြင့် တိုက်စစ်မှူးများမှာ တံခွန်အသင်း၏ ခိုင်မာပြီး အကွက်စေ့လှသော နောက်တန်းတံတိုင်းကြီးကို မကျော်ဖြတ်နိုင်ခဲ့ပေ။ နောက်တန်းမှာလည်း တံခွန်၏ တိုက်စစ်မှူးများ၏ မြန်ဆန်မှု၊ လှည့်စားနိုင်မှုတို့ကို မတားဆီးနိုင်ခဲ့၍ ရာသီသစ်၏ ပွဲဦးထွက်ပွဲတွင် မျက်နှာပန်းမလှ ဖြစ်သွား သည်။

တံခွန်အသင်းနှင့် စွမ်းအင်အသင်းတို့သည် ယမန်နှစ် အမှတ်ပေးဘောလုံးပြိုင်ပွဲ၊ ဒုတိယအကြိမ် မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီ ဥက္ကဋ္ဌဖလားပြိုင်ပွဲတို့တွင် တွေ့ဆုံဖူးရာ စွမ်းအင်အသင်းက တစ်ကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျသည်။ ယခုတတိယအကြိမ်မြောက် တွေ့ဆုံရာတွင် တံခွန်အသင်းက ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။

ပထမပိုင်း

ပထမပိုင်းတွင် စွမ်းအင်အသင်းက ပွဲကို ဦးဆောင်ထားနိုင်သည်။ သို့သော် တံခွန်အသင်းကလည်း ဘောလုံးရသည်ဆိုသည်နှင့် ဘောလုံးချက်ချင်းအပေးအယူလုပ်၊ တိုက်စစ်မှူးများက နေရာအသင့်ယူကာ တစ်ချက်ထိ၊ နှစ်ချက်ထိလေးတွေဖြင့် တိုက်စစ်တရစပ်ဆင်ခဲ့သည်။ ထိုကဲ့သို့ အကွက်စေ့ပြီး ပညာသားပါသော တိုက်စစ်တွေကို စွမ်းအင်နောက်တန်း ပွဲချိန်ကြာလာသည်နှင့်အမျှ ဖျက်ထုတ်နိုင်စွမ်း မရှိတော့ဘဲ ဂိုးများ ပေးလိုက်ရသည်။ မိနစ် ၃၀တွင် တိုက်စစ်မှူး ထွန်းမင်းဦး ရင်ဘတ်ဖြင့်ထိန်းယူကာ ဆွဲပြေးပြီး ကန်သွင်းလိုက်၍ တံခွန်အသင်း ဖွင့်ဆော်ဦးဂိုးစတင်ရရှိသည်။ ခြောက်မိနစ်အကြာမှာပင် တံခွန်အသင်းက ဒုတိယဂိုးကို သွင်းယူသွားပြန်သည်။ ကျော်သီဟ ကွင်းလယ်လောက်မှ နေ၍ မနားတမ်းဆွဲပြေးပြီး ဖျက်ထုတ်ကာကွယ်နေသော စွမ်းအင်နောက်ခံလူ သုံးလေးဦးကို လိမ်ခေါက်ကာ အသာမျှောချပေးသော ဘောလုံးကို တိုက်စစ်မှူး ထွန်းမင်းဦးကပင် စွမ်းအင်ဂိုးသမားကျော်မင်းလှိုင် ပိတ်ဆို့ထားသော ဂိုးထောင့်ထဲသို့ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

စွမ်းအင်အသင်းမှာ ချေပဂိုးရရန် ပြန်လည်ကြိုးစားတိုက်စစ်ဆင်လာသော်လည်း အချင်းချင်းနားလည်မှု လွဲနေခြင်း၊ ခိုင်မာမာကျောလှသော တံခွန်ခံစစ်တံတိုင်းကြီးကို မကျော်လွှားနိုင်၍ ချေပဂိုးနှင့်ဝေးနေပြီး ပထမပိုင်းအပြီးတွင် တံခွန်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

အားထည့်ကစား

ဒုတိယပိုင်းတွင်လည်းတံခွန်အသင်းကပင် အကွက်စေ့စေ့ ကစားသွားနိုင်သည်။ လူငယ်များပီပီ မမောပန်းဘဲ ခပ်မာမာကစားကာ အနိုင်ရရှိရေး အားထည့်ကစားခဲ့ကြသည်။ စွမ်းအင်အသင်းကလည်း ချေပဂိုးရရေး တရစပ်ကြိုးစားထိုးဖောက်သော်လည်း တံခွန်ဂိုးသမားနှင့်နောက်ခံလူများကောင်းလွန်းနေ၍ မျှော်လင့်နေသော ချေပဂိုးကို မရယူနိုင်ဖြစ်နေသည်။ တံခွန်အသင်းကလည်း ခံစစ်ကို ဦးစားပေးကစားခဲ့သော်လည်း တန်ပြန်တိုက်စစ်ဆင်သောအခါ အလယ်တန်းကစားသမားများက လွတ်နေသော ဟာကွက်များကို အချိန်မီ ဖြည့်တင်းကာ တိုက်စစ်မှူးများက တွန်းတွန်းတိုက်တိုက်ဖြင့် လှုပ်ရှားကစားကြရာ တိုက်စစ်များမှာ ကြောက်မက်ဖွယ်ကောင်းခဲ့ပြီး ဂိုးရလုလုအခြေအနေဖြစ်ခဲ့သည်။ စွမ်းအင်အသင်းအတွက် နှစ်သိမ့်ချေပဂိုး တစ်ဂိုးကို ပွဲပြီးရန် စက္ကန့်ပိုင်းအလိုတွင် နိုင်ဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ခြေကုန်ထုတ်ရမည်

တံခွန်အသင်းမှာ ပွဲဦးထွက် သုံးမှတ်ရယူနိုင်၍ အုပ်စုတက်ရေး အလားအလာကောင်းသွားပြီး စွမ်းအင်အသင်းမှာ နောက်နှစ်ပွဲကို ခြေကုန်ထုတ်ရတော့မည်ဖြစ်သည်။

ပွဲအပြီးတွင် အနိုင်ရရှိသွားသော တံခွန်အသင်းအား ကြေးမုံက တွေ့ဆုံမေးမြန်းရာ အသင်းအုပ်ချုပ်သူ ဦးစိန်မျိုးမြင့်က ပြောကြားရာတွင် "အသင်းကို သင်္ကြန်တွင်းတစ်ပတ်သာ လေ့ကျင့်မှုနားပြီး ဆက်တိုက်လေ့ကျင့်ပေးခဲ့ကြောင်း၊ အသင်းမှာ ညီညီစိုး၊ ဘိုဘိုမြင့်၊ လာကျဲအိုလွယ်နှင့် ကျော်ခိုင်ဝင်းတို့ လေးဦးမရှိတော့သော်လည်း အသင်းကစားကွက် ပျက်မသွားခဲ့ကြောင်း၊ ယနေ့ကစားသွားသော မိမိအသင်း အခြေအနေကို အားရကြောင်း၊ ယမန်နှစ်က မကျော်ခဲ့သော အုပ်စုအဆင့်ကို ကျော်လွန်ဖို့ ရည်မှန်းထားကြောင်း၊ ကျန်သည့်နှစ်ပွဲမှာ အရေးကြီးသောပွဲဖြစ်၍ အားကုန်ထုတ်၍ ကစားရဦးမည်ဖြစ်ကြောင်း၊ အတိုင်းအတာတစ်ခုထိ အောင်မြင်အောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
(ဂ)အုပ်စု
ပြည်ထဲရေးနှင့် မလိခ။

(ကြေးမုံ)

ပွဲစဉ်အလိုက် အကောင်းဆုံးဆုရ ထွန်းမင်းဦး(တံခွန်)။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

စွမ်းအင်တိုက်စစ်မှူးဝေယံမောင်နှင့် တံခွန်နောက်ခံလူ အေးဆန်းတို့ ဘောလုံးကို သူရကိုယ်ရ။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဂျပန်စာနှင့် တရုတ်စာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၅

Aung Language Center မှ ကျင်းပမည် ဖြစ်သော ဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲ ကြိုတင်ပြင်ဆင်မှု Level-4 ကို နံနက် ၁၀နာရီမှ ၁၁နာရီခွဲအထိ၊ Level-3 ကို နံနက် ၁၁နာရီခွဲမှမွန်းလွဲ ၁နာရီအထိ စက်တင်ဘာ ၂ရက်မှ စ၍ တစ်ပတ်လျှင်ငါးရက်သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် တရုတ်ဘာသာကို ဆရာမ ဒေါ်ဖြူဖြူက အခြေခံ အရေး၊ အဖတ်၊ အပြောကို စနေ၊ တနင်္ဂနွေ နံနက် ၁၀ နာရီမှ ၁၁နာရီခွဲအထိ၊ ဂျပန် ဘာသာ အခြေခံ အရေး၊ အဖတ်၊ အပြောကို တစ်ပတ်ငါးရက် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း တိုက် ၂၈၂ အခန်း ၁ ရန်ကင်းကြားမှတ်တိုင်အနီး ရန်ကင်းသဲကွင်းအနီးတွင် စုံစမ်းတက်ရောက်နိုင်ကြောင်းသိရသည်။

(က-ပ)

၁၉နှစ်နှင့် ၁၇နှစ်အောက် ခြေစမ်းဘောလုံးပွဲ

ရန်ကုန် ဩဂုတ် ၂၅

နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်နေကြသော အသက် ၁၉နှစ်အောက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း နှင့် အသက် ၁၇နှစ်အောက်လူငယ်ဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဩဂုတ် ၃၁ရက် ညနေ ၄နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဝင်ကြေးမှာ အထူးတန်း ငွေကျပ်၅၀၀နှင့် ရိုးရိုးတန်း ငွေကျပ် ၂၀၀သတ်မှတ်ထားသည်။ (သတင်းစဉ်)

ဩဂုတ် ၂၃ရက်က အလက(၅)မင်္ဂလာဒုံ မိဘဆရာအသင်းပညာရည်ချွန်ဆုပေးပွဲနှင့် သူငယ်တန်းမှ အဋ္ဌမတန်းအထိ နှစ်စဉ်ဆုရသူ ပထမဆုရ မောင်ရန်နိုင်ဖြိုးအား ကျောင်းအုပ်ကြီးဦးကျော်နိုင်က ဆုချီးမြှင့်စဉ်။ (က-ပ)

သံလွင်အရှေ့ခြမ်းမှ ဘေလီတံတား

ရှမ်းပြည်နယ် (တောင်ပိုင်း) သံလွင်မြစ် အရှေ့ခြမ်းရှိ နမ့်ဆီးချောင်းကိုဖြတ်၍ တည်ဆောက်ထားသော ပေ အရှည် ၁၂၀ ရှိ ဘေလီတံတား အသစ်တစ်စင်း။ (ယင်းတံတားပေါ်မှဖြတ်သန်း၍ ဟိုမိန်းမြို့နယ် လိုင်းပေါင်းစုံ မော်တော်ယာဉ်အသင်းက သံလွင် – ဟိုမိန်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။)

(ဝဲပုံ) [ဓာတ်ပုံမှတ်တမ်း– သွင်အေး(ကြေးမုံ)]

ပြည်ထောင်စုတစ်ဝန်း ကွက်လပ်မကျန် တည်ဆောက်မြှင့်တင်

ချောင်းမကြီး(ပျဉ်းမနား)တမံ၏ ရေပေးမြောင်းဖောက်လုပ်

ပျဉ်းမနားမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ချောင်းမကြီး (ပျဉ်းမနား) ရေလှောင်တမံမှ ဆည်ရေပေးဝေရန်အတွက် ရေပေးမြောင်းများ ဖောက်လုပ်နေသည်ကို တွေ့ရစဉ်။ (ယာပုံ)

[ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)]

ဓာတ်ပုံမှတ်တမ်း
သွင်အေး(ကြေးမုံ)
အောင်မိုး(ကြေးမုံ)

ဆိုက်ခေါင်ဘူတာရုံ

နိုင်ငံတော်မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော နမ့်စန်–ပွန်ချောင်း ရထားလမ်း အချိန်မီပြီးစီးပါက ပြည်သူများအနေဖြင့် ဆောလျင်စွာ အကျိုးခံစားရမည်ဟု သောခံယူချက်ဖြင့် လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှဦးဆောင်၍ လွိုင်လင်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြီးစီးနေသည့် နမ့်စန်–ပွန်ချောင်း ရထားလမ်းနှင့် ဆိုက်ခေါင်ဘူတာရုံကို ဤသို့တွေ့ခဲ့ရသည်။ *(အပေါ်ပုံ)*

[ဓာတ်ပုံမှတ်တမ်း– သွင်အေး(ကြေးမုံ)]

မောက်မယ်မြို့ မြို့နယ်ခန်းမ တည်ဆောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ် မြို့နယ်၏ ကျက်သရေဆောင် ဆောက်လုပ်ဆဲမြို့နယ်ခန်းမကို ဤသို့တွေ့ရသည်။ (ဝဲပုံ)

[ဓာတ်ပုံမှတ်တမ်း– သွင်အေး(ကြေးမုံ)]

လယ်ယာစီးပွားဖွံ့ဖြိုးရေး အဓိကသီးနှံ ၁၀ မျိုး အထွက်တိုးအောင် စိုက်ပျိုးကြ

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း-တင်ဝင်းရွှေ(ရွှေပန်းကုံး)

ရန်ကုန် ဩဂုတ် ၂၅

ရေမြေသယံဇာတ ပေါကြွယ်ဝသော မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးကို အခြေခံ၍ လယ်ယာကဏ္ဍ၊ လယ်ယာစီးပွားဖွံ့ဖြိုးရေး အဓိကသီးနှံ ၁၀ မျိုး အထူးအထွက်တိုးအောင် စိုက်ပျိုးကြလျက် နိုင်ငံတော်တွင် ထပ်မံတိုးပွားလာမည့် လူဦးရေအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်လှပေသည်။ ယင်းလိုအပ်ချက်တို့ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြသည့် တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများက နည်းပညာခေတ်နှင့်အညီ ခေတ်မီနည်းစနစ်၊ အဆင့်မြင့်နည်း ပညာတို့ဖြင့် စိုက်ပျိုး၊မွေးမြူ လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

စစ်ကိုင်းတိုင်း စပါးအထွက်တိုး စံပြနယ်မြေ ဝက်လက်မြို့နယ် လှတောစက်မှုလယ်ယာ စိုက်ကွင်း၌ ကျင်းပသည့် တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် အထူးအထွက်တိုးစပါးမျိုး စိုက်ပျိုးနေကြသည်ကို အားပေးကြည့်ရှုကြသည့် ပရိသတ်ကြီးအား တွေ့ရစဉ်။
ဓာတ်ပုံ-တင်ဝင်းရွှေ(ရွှေပန်းကုံး)

လယ်ယာစိုက်ပျိုးသူ တောင်သူလယ်သမားတို့သည် လယ်ယာကဏ္ဍ၊ လယ်ယာစီးပွားဖွံ့ဖြိုးရေး အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးကြရာတွင် တစ်ဧကအထွက်ကောင်း အထွက်တိုးမျိုးကောင်းမျိုးသန့် မျိုးသစ်သီးနှံများကို ရှာကြံ၍ ခေတ်မီစိုက်နည်းစနစ်၊ အဆင့်မြင့် စိုက်ပျိုးနည်းပညာတို့ဖြင့် အသေအချာဖိဖိစီးစီး စိုက်ပျိုးကြရမည်ဖြစ်ရာ စပါးသီးနှံကို **စပါးပိုလျှံရမည်** ဟူသော နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေး၊ တစ်ဧက စပါးတင်း ၁၀၀ ထွက်ရှိရေး၊ စပါးအထူးအထွက်တိုးရေး စသည့် လျာထားသတ်မှတ်စီမံချက်များအရ တစ်ဧက စပါးတင်း ၁၈၀-၂၀၀ ထွက်ရှိသော **ဆင်းရွှေလီ** အထွက်တိုးစပါးမျိုးနှင့် အခြားစပ်မျိုးစပါးတို့ကိုလည်းကောင်း၊ တစ်ဧက စပါးတင်း ၁၂၅ တင်း-၁၃၅ တင်းထွက်ရှိသော ကျော်ဇေယျ၊ မနောသုခ၊ ထွန်းသီရိ၊ ရွှေဝါထွန်း၊ အေဝမ်း၊ ဘီအာ-၉ အထူးအထွက်တိုး စပါးမျိုးတို့ကိုလည်းကောင်း၊ တစ်ဧကစပါးတင်း ၁၀၀-၁၂၅တင်း ထွက်ရှိသော သီးထပ်ရင်း ရတနာအောင် အိုင်အာ-၇၄၇ သက်ငယ် အထွက်တိုး စပါးမျိုးတို့ကိုလည်းကောင်း အထူးရွေးချယ် စိုက်ပျိုးကြရပေမည်။

အဓိကသီးနှံ ၁၀ မျိုး အထူးအထွက်တိုး စိုက်ပျိုးနိုင်ကြရန်အတွက် စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံ၌ တောင်ပေါ်၊ မြေပြန့်ဒေသအနှံ့အပြားတို့တွင် မြေ၊ ရေ၊ သယံဇာတ ပေါကြွယ်ဝလျက်ရှိပေရာ စိုက်ပျိုးသူ တောင်သူလယ်သမားတို့သည် လယ်ယာကဏ္ဍ၊ လယ်ယာစီးပွားဖွံ့ဖြိုးရေးကိုလည်းကောင်း၊ ထပ်မံတိုးပွားလာမည့် လူဦးရေအတွက်ကိုလည်းကောင်း လိုအပ်သည်များကို ပြည့်ဝဖူလုံပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်သွားကြရမည် ဖြစ်ပေသည်။ ထို့အပြင် ကြက်၊ ဝက်၊ ဘဲ၊ သား၊ ငါး မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်နိုင်တစ်ပိုင် မွေးမြူကြလျက်ရှိရာမှ စီးပွားဖြစ်မွေးမြူလာကြသည့် တောင်သူလယ်သမားများလည်း ပေါ်ပေါက်လာကာ ကြက်ခြံ၊ ဝက်ခြံ၊ ငါးမွေးကန်၊ ဆိတ်ခြံ၊ သိုးခြံတို့ကို မွေးမြူလုပ်ကိုင်ဆောင်ရွက် နေကြသည်ကို အားရဖွယ်ပင် တွေ့မြင်နေရပေသည်။ အဓိကပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် မွေးမြူရေးကဏ္ဍမှ မွေးမြူရေး လုပ်ငန်းရှင်များ မွေးမြူရေးအလုပ်သမားများက မွေးမြူရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး တိုးတက်အောင် တိုးချဲ့ လုပ်ကိုင်ဆောင်ရွက်ကြရပေမည်။ သို့မှသာ နိုင်ငံတော်တွင် ထပ်မံတိုးပွားလာမည့် လူဦးရေအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များ မကြောင့်မကြ ဖူဖူလုံလုံရှိနေမည် ဖြစ်ပေသည်။

သို့ဖြစ်ရာစိုက်ပျိုးရေးလုပ်ငန်းများကို လယ်ယာကဏ္ဍမှ စိုက်ပျိုးသူ တောင်သူလယ်သမားများက လယ်ယာစီးပွားဖွံ့ဖြိုးရေး အဓိကသီးနှံ ၁၀ မျိုးကို အထူး အထွက်တိုး စိုက်ပျိုးကြကာ တစ်နိုင်တစ်ပိုင် မွေးမြူရေးနှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုပေသည်။ မွေးမြူရေးလုပ်ငန်းများကို မွေးမြူရေးကဏ္ဍမှ မွေးမြူသူ မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးအလုပ်သမားများက ရေလုပ်ငန်း၊ ကုန်းလုပ်ငန်း ဘက်စုံ မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်ဖြစ်ထွန်းအောင် တိုးချဲ့မွေးမြူ လုပ်ကိုင်ဆောင်ရွက်ရန် အထူးပင် လိုအပ်လှပေသည်။

လယ်ယာကဏ္ဍမှ စိုက်ပျိုးရေးလုပ်ငန်းများ၊ သားငါးကဏ္ဍမှ မွေးမြူရေးလုပ်ငန်းများစသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြသည်နှင့်အမျှ **စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး** ဟူသော နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တစ်ရပ်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက် လာနိုင်မည်ဖြစ်ပေသည်။ လယ်ယာစိုက်ပျိုးသူ တောင်သူလယ်သမားတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့ အနေဖြင့်လည်း နည်းပညာခေတ်နှင့်အညီ ခေတ်မီအဆင့်မြင့် တိုးတက်၍လာရကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်း စိုက်ပျိုးထုတ်လုပ်နိုင်ကြပေမည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ယနေ့အထိ လယ်ယာကဏ္ဍ လယ်ယာစီးပွားဖွံ့ဖြိုးရေးအတွက် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံ ဝါ၊ကြံတို့ကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး ယခုအချိန် နိုင်ငံတော်တွင် ထပ်မံတိုးပွားလာမည့် လူဦးရေအတွက်ကိုပါ ကြောင့်ကြမှုမရှိရအောင် အဓိကသီးနှံ ၁၀ မျိုး အထူးအထွက်တိုး စတင်စိုက်ပျိုးနေကြပြီ ဖြစ်ပေသည်။ မွေးမြူရေးလုပ်ငန်းတို့မှာလည်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲ၊ နို့စား၊ သားစား၊ ဥစားတိရစ္ဆာန်မွေးမြူရေးနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများအပါအဝင် များစွာတိုးတက်မွေးမြူထုတ်လုပ်နိုင်ကြပြီး ယခုအချိန် ပြည်နယ်/တိုင်းအလိုက်လည်းကောင်း၊ ခရိုင်/မြို့နယ်အလိုက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းအသင်းများ အဆင့်ဆင့် ဖွဲ့စည်းကြလျက် လုပ်ငန်းကဏ္ဍအလိုက် တိုးချဲ့လုပ်ကိုင်နေကြပြီဖြစ်ပေသည်။

သို့ရှိပေရာ စိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံသည် ယနေ့ လယ်ယာကဏ္ဍမှ စိုက်ပျိုးရေးလုပ်ငန်းများ သားငါးကဏ္ဍမှ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်မှုတို့နှင့်အညီ လယ်ယာသားငါး စီးပွားရေးဖွံ့ဖြိုးမှုများကို တိုးတက်မြင့်မား၍လာရကာ တိုးပွားလာသည့် လူဦးရေအတွက် မကြောင့်မကြ ဖူဖူလုံလုံ ရှိနေပြီဖြစ်ပေသည်။ နှစ်တိုတတိယငါးနှစ်စီမံကိန်း ၂၀၀၃-၂၀၀၄ စိုက်ပျိုးနှစ် စီမံကိန်းကာလ၏ တတိယနှစ်မှစတင်၍ **လယ်ယာကဏ္ဍလယ်ယာစီပွား ဖွံ့ဖြိုးရေးအဓိကသီးနှံ ၁၀မျိုးအထူးအထွက်တိုးစိုက်ပျိုးရေး၊ ထပ်မံတိုးပွားလာမည့် နိုင်ငံလူဦးရေအတွက် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရေး** တို့ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေကြပြီ ဖြစ်ပေသည်။

သို့ဖြစ်ရာ ရေမြေသယံဇာတ ပေါကြွယ်ဝသော မြန်မာနိုင်ငံ၌ တောင်ပေါ်၊ မြေပြန့် ဒေသအနှံ့အပြားတို့မှ လယ်ယာကဏ္ဍ လယ်ယာစိုက်ပျိုးသူ တောင်သူလယ်သမားတို့သည်လည်းကောင်း၊ သားငါးကဏ္ဍမှ မွေးမြူရေးလုပ်ကိုင်သူအပေါင်းတို့သည်လည်းကောင်း၊ ယနေ့လယ်ယာကဏ္ဍ အဓိကသီးနှံ ၁၀ မျိုး အထွက်တိုး စိုက်ပျိုးရေး၊ ထပ်မံတိုးပွားလာမည့် နိုင်ငံလူဦးရေအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ် ကိုင်ဆောင်ရွက်ရေးဟူသော နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အဓိကလိုအပ်ချက်တို့ကို ဆတက်ထမ်းပိုး တိုးတက်အောင်မြင်စေရန် ကံစွမ်း၊ ဉာဏ်စွမ်း၊ဝီရိယစွမ်းတို့ဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဖော်ဆောင်ကြပါစို့ဟူ၍ တိုက်တွန်းရေးသား လိုက်ရပေသည်။ ။

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လေ့ကျင့်ရေးပစ္စည်းများနှင့် နည်းပြများ ထောက်ပံ့ငွေပေးအပ်ပြီး အားကစားကွင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၅

လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ စုစည်း လေ့ကျင့်လျက်ရှိသော အသက်(၁၃)နှစ်အောက်၊ အသက်(၁၇)နှစ်အောက်နှင့် အသက်(၂၁)နှစ်အောက်ဘောလုံးအသင်းများသို့ဘောလုံးလေ့ကျင့်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက်တွင် တောင်ကြီးမြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ လူငယ်ဘောလုံးအသင်း သုံးသင်းမှ အုပ်ချုပ်/နည်းပြ/ အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးက ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထူးချွန်အားကစားသမားမွေးထုတ် ပေးနိုင်မှုများနှင့် အားကစားအဆင့်အတန်း မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝန်ကြီးက အားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်မှုများ၊ မြန်မာ့အားကစား ရွှေရောင်လွှမ်း လာစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲအကောင်အထည်ဖော်မှုများကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၄၅၇၇၅၀ တန်ဖိုးရှိ ဒုတိယအကြိမ် ထောက်ပံ့သည့် ဘောလုံးလေ့ကျင့်ရေးပစ္စည်းများနှင့် နည်းပြများအတွက်သုံးလစာ ထောက်ပံ့ငွေကျပ် ၇၉၅၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အာဆီယံ အသက်(၁၈)နှစ်အောက် ချန်ပီယံမြန်မာလူငယ်အသင်း၏ အနိုင်ရွှေဂိုးများ ဗီဒီယိုခွေဖြင့် ပြသသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အားကစားကွင်းသို့ ရောက်ရှိ၍ အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီရုံး၌ ပြည်နယ်အတွင်းရှိ ဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည်ရွှေညောင် အားကစားကွင်းနှင့် ညောင်ရွှေမြို့နယ် အားကစားကွင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ကွင်းပြုပြင်မွမ်းမံရန် ဖြည့်ဆည်းပေးပြီး အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဝန်ကြီးသည် ဩဂုတ် ၂၂ရက်တွင် ရှာင်မြို့နယ် အားကစားကွင်းနှင့် အောင်ပန်းမြို့နယ် အားကစားကွင်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားကစား ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဝန်ကြီးသည် ဟံမြင့်မိုရ်၊ ရှာင်၊ အောင်ပန်း၊တောင်ကြီးလမ်းတစ်လျှောက်ရှိ အခြေခံပညာ ကျောင်းများသို့ ဝင်ရောက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ဩဂုတ် ၂၅ရက်က အာဆီယံ-ဂျပန် ဆက်ဆံရေးနှစ် ၂၀၀၃ခုနှစ် အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံမှ ဂျပန်အရိပ်ထိုး ကပွဲအဖွဲ့သည် ရန်ကုန် အမျိုးသားဇာတ်ရုံတွင် ဖျော်ဖြေ တင်ဆက်ရန်အတွက် လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

မအူပင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၂၅

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အလယ်ပစ္စယံရှိ စည်ပင်သာယာရေး ဓမ္မာရုံတွင် ကျင်းပရာ မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နာယက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ အသင်းနာယက ဝန်ကြီးနှင့် ဇနီး၊ မအူပင်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အသင်းသူ၊ အသင်းသားများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

တရားနာယူ

ထို့နောက် ရန်ကင်းရွှေဟင်္သာတိုက်သစ်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားများ နာယူကြပြီး ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ကုန်စည်ပြပွဲ–၂၀၀၃
ရန်ကုန်ကုန်သွယ်မှု
ဗဟိုဌာန၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co., Ltd. သည် စက်တင်ဘာ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန Yangon Trade Centre တွင် မြန်မာ့ကုန်စည်ပြပွဲ–၂၀၀၃ Myanmar Trade Fair-2003 ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်း အမျိုးမျိုးတို့ကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဂျွန်လွင်ဦးစီးသော Star Entertainment Co., Ltd. ၏ ကုန်ပစ္စည်းကြော်ငြာ သရုပ်ပြပွဲနှင့် Dancing MTF-2003 ကြော်ငြာ သရုပ်ဆောင်ပြိုင်ပွဲ တွဲဖက်ကာ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း–၅၇၃၁၄၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)သို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၅

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ ရုံးအဆောက်အအုံအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် မွန်းလွဲ၁နာရီက ကျိုက်လတ်မြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ အသင်းနာယက ဗိုလ်ကလေး ဦးတင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး အလှူရှင် ၄၀ကျော်တို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အသင်းဦးစီးနာယကများက လက်ခံကြပြီး(**အောက်ပုံ**) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(က–ပ)

* ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အစိုးရနှင့် ပြည်သူ ကြည်ဖြူစွာ နေ့မအား၊ ညမနား လက်တွဲဖော်ဆောင်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားတို့က ပြည်ထောင်စု ပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေး လုပ်ငန်းများကို အခွင့်သာလျှင် သာသလို ကျားကုတ်ကျားခဲ ကြိုးပမ်းနေကြသည်–
* ခေတ်သစ်နယ်ချဲ့နိုင်ငံများကလည်း အမျိုးသားသစ္စာဖောက်များကို အလိုလိုက် အကြိုက်ပေး မွေးမြူကာ လိုသလို အသုံးချနေကြသည်–
* ပြည်ပအသံလွှင့်အချို့ကလည်း မဟုတ်မဟတ်လုပ်ဇာတ်များကို အချိန်ရှိသရွေ့ ထုတ်လွှင့်နေကြသည်–
* ဤသို့ အပြုသမားအင်အားစုအား အဖျက်သမားတို့၏ နှောင့်ယှက်နေသည့် လုပ်ရပ်များကို အများပြည်သူတို့ မျက်ခြည်မပြတ်စေဖို့ မီးမောင်းထိုးဖော်ပြထားသည့်

ဂုဏ်ပြုခံပင်လုံ သို့မဟုတ် ပြည်ထောင်စု၏ နှလုံးသားနှင့် လက်ရွေးစင်ဆောင်းပါးများ

ဖြန့်ချိလိုက်ပါပြီ။ **ရောင်းဈေး ကျပ် ၂၀၀**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါပြီ။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ဖုန်း–၂၉၄၃၀၆။

ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်း

ရန်ကုန် ဩဂုတ် ၂၅

Shalom Computer & Language Centre တွင် ကွန်ပျူတာ (D.T.P) အဆင့်မြင့်စာစီစာရိုက်၊ ဒီဇိုင်း၊ ဓာတ်ပုံများ ပြုပြင်ဖန်တီးခြင်းတို့ကို လွယ်ကူစွာ လုပ်ကိုင်နိုင်ရန်နှင့် အင်္ဂလိပ်စကားပြော ကျွမ်းကျင်ရန် (Pre-Intermediate) သင်တန်းကို စက်တင်ဘာ ၁ရက်တွင် ပူးပေါင်းဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ၂၃ရက်မှ ၃၁ရက်အတွင်း အပ်နှံသော ကျောင်းသား၊ ကျောင်းသူများအား အထူးနှုန်းထားဖြင့် လက်ခံမည်ဖြစ်သည်။ သင်တန်းတွင် ကွန်ပျူတာအခြေခံနှင့် အင်္ဂလိပ်စာ အခြေခံ တက်ရောက်ပြီးသော ကျောင်းသား၊ ကျောင်းသူတိုင်း တက်ရောက်နိုင်ပြီး တကယ်တတ်မြောက်လိုသူများနှင့် လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချလိုသူများကို လူဦးရေ ကန့်သတ်မှုဖြင့် စနစ်တကျ တတ်မြောက်သည်အထိ တာဝန်ယူ သင်ကြားပေးမည်။

e-mail & Internet အခြေခံတွင် မသင်ခဲ့ရသော သူများအတွက် အဆင့်မြင့်တွင် အခမဲ့ ထည့်သွင်း သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး တက်ရောက်လိုသူများ အမှတ်(၄၆၈) ဒုတိယထပ်(ယာ) အောက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁– ၂၁၂၂၀၈သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကျောက်တန်းစာပေစာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၅

ကျောက်တန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ်၁၇ရက်က ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲသူရမြင့်လွင်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (မော်ဝန်း–ဝင်းမြတ်)တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်အဖွဲ့ အစီရင်ခံစာကို တင်သွင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၇၄)

လှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

ဦးသီဟအောင်–ဒေါ်ဇင်မေအေးတို့၏ သမီးဦးရတနာအား ၂၀–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် အောင်မြင်ကျန်းမာစွာ မွေးဖွားပေးခဲ့သော ပါမောက္ခ ဒေါက်တာဦးသိန်းမြင့်သူ၊ ပါမောက္ခ ဒေါက်တာ ကိုကိုကြီး၊ ကလေးအထူးကု ဒေါက်တာ အေးအေးမြင့်၊ ကူညီစောင့်ရှောက်ပေးခဲ့သော ရွှေဂုံတိုင် အထူးကုဆေးရုံသစ်ကြီး(SSC)မှ ဒေါက်တာဇော်ထွန်း–ဒေါက်တာ ဌေးဌေးကြည်နှင့် ဆေးရုံဝန်ထမ်းများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ဦးသီဟအောင်–ဒေါ်ဇင်မေအေး။

ဦးဖြိုးဝေဝင်းနှင့် အများသိစေရန် သတိပေးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ် မအူကုန်းရပ်ကွက် စက်ရုံလမ်း၊ အမှတ်(၂၁၀)နေ ဒေါ်စန်းစန်းနွယ်(ခ) ဒေါ်စန်းစန်းမြင့် (၎င်း၏နီးစပ်ရာ မိတ်ဆွေ ဒေါ်နီလာညွန့်)က အောက်ပါအတိုင်း သတိပေးကြေညာလိုက်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၃၆/ကေ)၊ မြေကွက်အမှတ် (၁၁၁–အီး/ ၂–ဘီ)၊ မြေအကျယ် သုည ဒသမ ၄၈၄ဧကရှိ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း၊ အမှတ်(၆၀–စီ)ဟု ခေါ်တွင်သော မြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံပိုင်ရှင်ဖြစ်သူ ဦးကျော်သိန်းက (၉–၆–၁၉၇၂)ရက်စွဲပါ မှတ်ပုံတင်အပိုင်ပေးစာချုပ်အမှတ် (၅၅၉/၇၂)ဖြင့် ညီမအရင်းနှစ်ဦးဖြစ်သူ ဒေါ်မြသိန်းနှင့် ဒေါ်စန်းစန်းနွယ်တို့အား အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဒေါ်မြသိန်းသည် ၂–၅–၁၉၉၁နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဖော်ပြပါမြေနှင့် နေအိမ်သည် ဦးဖြိုးဝေဝင်းအား ကွယ်လွန်သူ ဦးကျော်သိန်း တစ်သက်အတူနေထိုင်ခွင့်ပြုခဲ့ပါသည်။

ဖော်ပြပါမြေနှင့် နှစ်ထပ်တိုက်ကို လက်ရှိပိုင်ရှင် ဒေါ်စန်းစန်းနွယ်ရှိနေပါလျက်နှင့် ဦးဖြိုးဝေဝင်းသည် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို မမှန်မကန်ကြေညာ၍ ပြုလုပ်ပြီး မြေကွက်အမည်ပြောင်းလျှောက်ထားခြင်းအထိ အတင့်ရဲဆောင်ရွက်ခဲ့ပါသည်။ ဖော်ပြပါမြေနှင့် တိုက်တို့သည် ဦးဖြိုးဝေဝင်း ပိုင်ဆိုင်ခံစားခွင့် လုံးဝမရှိပါသဖြင့် ဖော်ပြပါမြေနှင့် နေအိမ်ကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း စသည်တို့ကို လုံးဝမပြုလုပ်ရန် ကြိုတင်သတိပေးလိုက်ပါသည်။ မလိုက်နာဘဲ ပြုလုပ်ခဲ့ပါက ပြုလုပ်ခဲ့ကြသူများ၏ တာဝန်သာလျှင်ဖြစ်ပါသည်။ ထို့ပြင် ဦးဖြိုးဝေဝင်း၏ ပြုလုပ်မှုများအပေါ် ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းကိုလည်း ဦးဖြိုးဝေဝင်းနှင့်တကွ အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဒေါ်နီလာညွန့်(ဒေါ်စန်းစန်းမြင့်၏နီးစပ်ရာမိတ်ဆွေ)
[၁၂/တမန(နိုင်) ၀၄၉၀၈၆]
ရန်ကုန်မြို့။

ဆောင်မျိုး စီစဉ်သည်
၆၀၆၀၆အောင်
ကျွန်မရဲ့ပင့်ကူ

ငွေစုန် အကောင်းဆုံးအဆင့်မြင့်ငံပြာရည်

ပညာရှင်၊ ဝါသနာရှင်များ မျိုးဆက်သစ်များ ခိုနားရာ အေးရိပ်ပန်းချီပြပွဲ

ခံစားရေးဖွဲ့သူ – ဌေးကြည်
ဓာတ်ပုံမှတ်တမ်း – ခင်မောင်ဝင်း (ကြေးမုံ)

အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီး၊ ပြာသာဒ်တော်ကြီးနှင့် အခြားသော စေတီတော်များကိုတပေါင်းတစည်းတည်း ဖူးတွေ့နိုင်ရန် ပန်းချီပညာဖြင့် ရေးဆွဲတင်ပြထားသည့် ဆရာကိုကိုအောင်၏ “အညာမြေပုဂံ” ကားသည် ပုဂံသည်မြန်မာ၊ မြန်မာသည် ပုဂံဟူသော အမြင်ကို ပိုမိုကြည်လင် သွားစေသည်။
[ဓာတ်ပုံမှတ်တမ်း– ခင်မောင်ဝင်း (ကြေးမုံ)]

ရန်ကုန် ဩဂုတ် ၂၅

မိမိတို့သတင်းအဖွဲ့ ပန်းချီပြခန်းထဲသို့ ဝင်လိုက်လျှင်ပင် အင်းစိန်မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဆရာဦးမြတင် (ခေါ်) ဦးမြလွင်နှင့် ပန်းချီပြခန်း တာဝန်ခံ ဆရာမောင်မိုးတို့ကို တွေ့ဆုံခဲ့ရသည်။ ခင်းကျင်းပြသလျက်ရှိသည့် ဆဋ္ဌမအကြိမ် **အေးရိပ်ပန်းချီပြပွဲ** နှင့်ပတ်သက်ပြီး ဆရာဦးမြတင်အား မေးမြန်းကြည့်ရာ ဆရာဦးမြတင်က “ကျွန်တော်တို့ အင်းစိန်မြို့နယ်ရဲ့ ဆဋ္ဌမအကြိမ်မြောက် ပန်းချီပြပွဲကို အခုဩဂုတ်လ ၂၂ ရက်မှ၃၀ ရက်ထိ ပြသသွားမှာ ဖြစ်ပါတယ်။ အခုလို နှစ်စဉ်ပြနိုင်အောင် အဓိကရည်ရွယ်ချက်နှစ်ရပ်ထားရှိပြီး ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ပထမအချက်ကတော့ ကျွန်တော်တို့ အင်းစိန်မြို့နယ်မှာရှိတဲ့ ပန်းချီပညာရှင်များအနေနဲ့ စည်းလုံးညီညွတ်ပြီး နယ်ပယ်တစ်ခုမှာ ရပ်တည် နိုင်အောင်၊ ပန်းချီပညာရည် တိုးတက် မြင့်မားလာအောင်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုနှင့် ဒုတိယ ရည်ရွယ်ချက်ကတော့ နောက်ထပ်ပေါ်ပေါက်လာမည့် မျိုးဆက်သစ် ပန်းချီ လူငယ်ကလေးများအတွက် ပျိုးခင်းတစ်ခုအဖြစ် ဖြစ်နေစေရန် ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ကျွန်တော်တို့မြို့နယ် ပန်းချီပြပွဲမှာ တစ်နှစ်ထက်တစ်နှစ် အဆင့်မြင့်မြင့် ပန်းချီကားတွေ တင်ပြနိုင်ခဲ့တာကို တွေ့မြင်ရပါတယ်။ နောင်နှစ်နောင်နှစ် တွေမှာလည်း ပြပွဲကို ဆက်လက်ပြသနိုင်အောင် ကြိုးစားသွားပါမယ်”ဟု ကြေးမုံသို့ ရှင်းပြခဲ့သည်။

ယခုပြပွဲတွင် စုစုပေါင်း ပန်းချီကား ၇၆ကား တင်သွင်းပြသနိုင်ခဲ့သည်။ ထိုပန်းချီကားများတွင် ဆီဆေး ၃၁ ကား၊ ရေဆေး ၃၂ ကား၊ အခိုင်းလစ် ၁၁ ကားနှင့် ပက်စတယ် နှစ်ကားတို့ ဖြစ်ပေသည်။

ယခုပြပွဲတွင် အမျိုးသားပန်းချီဆရာ ၁၅ ဦးနှင့် အမျိုးသမီးပန်းချီ ဆရာမ သုံးဦးတို့ ပါဝင်ပြသထားသည်။

မိမိတို့အဖွဲ့သည် ဦးစွာ ဆရာသန်းမြင့်အောင်၏ သက်ငြိမ်ပန်းချီကားများကို လေ့လာကြည့်ရှုမိသည်။ ဆရာ့ပန်းချီကားများသည် သက်ငြိမ်ဆိုသည့်အတိုင်း စားပွဲခင်း၊ လက်သုတ်ပဝါစသည်တို့ ပေါ်တွင်တင်ထားသည့် ငှက်ပျောသီး၊ ပန်းသီး၊ မာလကာသီး စသည်တို့ကို ပီပီပြင်ပြင်ရေးဆွဲထားခြင်းဖြစ်သည်။ ဆရာသည် သစ်သီးများ၏ အရောင်အသွေးကို တိတိကျကျ မိမိရရရေးဆွဲထားသည်။ အထွေးရော အရေးပါထူးခြားသည့် ပန်းချီကားမှာ **အမေနှင့်ကလေး**ကားပင် ဖြစ်သည်။ အိပ်ရာခင်းပေါ်တွင် ခေါင်းအုံးစွပ် အဖြူစွပ်ထားသည့် ခေါင်းအုံးကြီးနှင့် ပန်းပွင့်ပါသည့် ခေါင်းအုံးစွပ်ကို စွပ်ထားသည့် ခေါင်းအုံးကလေးကို ရေးဆွဲတင်ပြထားသည်မှာ ဖြူစင်သည့် မိခင်မေတ္တာနှင့် ချစ်စဖွယ်ကလေးငယ်တို့၏ နိမိတ်ပုံကို ကြည့်သူ၏ မျက်စိထဲတွင် မြင်ယောင်လာစေပါသည်။

အစိမ်း နှင့် အေးငြိမ်းမှု

“ခါဂိမေ့ သည်တစ်ခေတ်တွင်မှ ဉာလိမ်ကြွေတစ်မည်သစ်မည်ကြောင့် အသစ်တွေထွေးကာ စုပါလို့ ပရစ်ခွေတမာနုမှာကွယ် ကျေးဥစီစီ” ဆိုသည့် ကဗျာစာသားကလေးကို ကြားယောင်လာစေသည့် ဆရာမ မာလာအောင် ၏ “အစိမ်းနှင့်အေးငြိမ်းမှု” ပန်းချီကား ကလေးကလည်း ချမ်းမြေ့ကြည်နူးစဖွယ်။ *[ဓာတ်ပုံမှတ်တမ်း– ခင်မောင်ဝင်း (ကြေးမုံ)]*

ဆရာဦးမြလွင်(ခေါ်) ဦးမြတင်သည် **အလှဆည်းဆာ**၊ **အနားယူချိန်**နှင့် **ရေချိုးဆိပ်** ပန်းချီကား သုံးကားကို တင်သွင်းပြသထားသည်။ သုံးကားစလုံး ဆီဆေးကားများ ဖြစ်သည်။ အနားယူချိန်သည် ပန်းချီပြပွဲများတွင် မြင်ရခဲသော မြေပဲခင်းထဲ ပေါင်းရှင်းပြီး အနားယူနေကြသည့် အမျိုးသမီးလေးယောက်ပုံဖြစ်သည်။ ယခုအခါ ပန်းချီပြပွဲများတွင် လယ်ထွန်၊ ကောက်စိုက်၊ ပျိုးနုတ်ကားများနှင့် ပဲဆွတ်၊ မြေပဲနုတ်စသည့် ကား့များကို မမြင်ရ၊ မတွေ့ရသည်မှာ ကြာပြီဖြစ်သည်။

အမျိုးသမီးလေးဦး ထမင်းစားပြီး နားနားနေနေ၊ အေးအေးလူလူရေနွေးကြမ်း သောက်နေကြပုံမှာ တောင်ယာလုပ်သားတို့၏ဘဝကို ထင်းခနဲမြင်လိုက်ရသည်။ အမျိုးသမီးများ၏ဘေးမှ မြက်ပင်ကလေးများပေါ် နေခြည်ကလေး ခိုနားနေပုံကပင် ချစ်စဖွယ်ဖြစ်နေသည်။

ဆရာမြတ်မင်း၏ **တိုင်းရင်းသူ** (ဆီဆေး)သည် နောက်မှ မှိုင်းညို့ညို့ တောင်တန်းကြောင့် တိုင်းရင်းသူ၏ အလှကို ပို၍ပေါ်လွင်လာစေသည်။ တိုင်းရင်းသူဟု ဆိုသော်လည်း တကယ်တော့ ချင်းတိုင်းရင်းသူပုံဖြစ်ပေသည်။ ထင်းချောင်းများအပေါ်နှင့် မျက်နှာပေါ်မှ အလင်းရောင် ဖြာကျနေပုံမှာ တိုင်းရင်းသူတို့၏ ဘဝကိုစိန်ခေါ်ကာ အနိုင်မခံ အရှုံးမပေးသော လူ့သတ္တိဖွဲ့ကို လှစ်ပြသည်။

ဆရာမ မာလာအောင်၏ **အစိမ်းနှင့် အေးငြိမ်းမှု** ရေဆေးကားကလေးက တစ်မျိုးတစ်ဘာသာ ထူးခြားသည်။ သစ်ကိုင်းပေါ်တွင် ငြိမ်ငြိမ်သက်သက်နားနေသည့် ဥသြငှက်ကလေး တစ်ကောင်။ သစ်ကိုင်းနှင့်သစ်ရွက်ပေါ် ကျနေသည့် အလင်းရောင်ကလေးသည့် ဥသြငှက် ကလေး၏ ငြိမ်သက်မှုကို အားပြည့်သွားစေသည်။ စိမ်းနုနု သစ်ရွက်ကလေး များကလည်း “ခါဂိမေ့ သည်တစ်ခေတ်တွင်မှ ဉာလိမ်ကြွေ တစ်မည်သစ်မည်ကြောင့်၊ အသစ်တွေထွေးကာ စုပါလို့၊ ပုရစ်ခွေတမာနုမှာကွယ်၊ ကျေးဥစီစီ”ဆိုသည့် ကဗျာစာသားကလေးကို ကြားယောင်စေပါသည်။ သစ်ကိုင်းကို ယာဘက်သို့ လေးမသွားအောင် ဝဲဘက်မှ သစ်ရွက်

ဖြူစင်သည့် မိခင် မေတ္တာနှင့် ချစ်စဖွယ် ကလေးငယ်တို့၏ နိမိတ်ပုံကို ကြည့် သူ၏ မျက်စိထဲ မြင် ယောင် လာစေ သည့် ဆရာ သန်းမြင့်အောင်၏ “အမေနှင့် ကလေး” (ရေဆေး) သက်ငြိမ် ပန်းချီကား မှာလည်းတစ်မျိုး တစ်ဘာသာ။
[ဓာတ်ပုံ မှတ်တမ်း– ခင်မောင်ဝင်း (ကြေးမုံ)]

ကလေးများက ထိန်းထားလိုက်သော အခါ ပန်းချီကား၏ အားသည် ဥသြငှက်ကလေးအပေါ်တွင် စုစည်းသွားသည်။

ဆရာမ ပြည့်ပြည့်သန့်၏ **ဘဝအိမ်** နှင့် ဆရာမဒေါ်ခင်သန့်ဇင်၏ **ပန်းရောင်စုံဖြာ ပြည်မြန်မာ** ကားကလေးများ၏ ပန်းချီရသကိုလည်း ခံစားနိုင်ပေသည်။

ဆရာခင်မောင်မောင်သည် အဘိုးဖြစ်သူ **ပန်းချီဆရာကြီး ဦးမောင်မောင်ကြီး** ပုံတူပန်းချီနှင့် **သက်ငြိမ်** (ရေဆေး)နှစ်ကားတင်သွင်းထားသည်။ ဆရာ့ကားများကို ယခုပြပွဲမှာ စတင်မြင်မိသည်။ ဆရာခင်မောင်မောင်သည် ပန်းချီဆရာကြီး ဦးခင်မောင်၏သားဟု သိရသည်။ ပန်းချီမျိုးဆက်၏ လက်ရာ သန့်သန့်ကလေးဖြစ်သည်။ သက်ငြိမ်သည် ခေါင်ရန်းပန်းသုံးပွင့်ကို ပန်းအိုးထဲထိုးပြီး ရေးထားခြင်းဖြစ်သည်။ ပန်းအိုးနှင့် ခေါင်ရန်းပန်း သုံးပွင့်ကို ကြည်စင်သော ရေးချက်ဖြင့် ရေးဆွဲထားသည်။ နောက်ခံကို အဖြူသားချန်ထားသဖြင့် ခေါင်ရန်းပန်း သုံးပွင့်သည် ကြည့်သူကို အမြင်စွဲသွားသည်။ ဆရာမောင်မိုး တင်သွင်းပြသထားသည့် ပန်းချီကားငါးကားသည် အတွေးသစ်၊ အမြင်သစ်ဖြင့် ခေတ်သစ်နည်းကို အဓိကထားသည်။ **ဘုန်းတော်ကြီးကျောင်း**နှင့် **ရန်ကုန် တစ်နေရာ** ကားနှစ်ကား၏ ပန်းချီပညာကို ပန်းချီဝါသနာရှင်တို့တွေ့ထိခံစားနိုင်မည်ဟု ထင်ပါသည်။ ခေတ်သစ်နည်းဖြင့် ရေးထားသော်လည်း မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ကို မြန်မာပန်းချီဝါသနာရှင်တို့ ခံစားနိုင်အောင် ကြိုးစားတင်ပြထားခြင်းဖြစ်သည်။

ဆရာသိန်းကျော်(ခေါ်)နာဂသုန္ဒရသည် **အေးရိပ်**ပန်းချီကား လေးကားတင်သွင်းသည်။ အေးရိပ်(၁)ကို စွဲမက်မိသည်။ အေးရိပ်(၁)သည် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေသည့် သစ်ပင်ကြီးများ၏ အရိပ်ပင်ဖြစ်သည်။ သို့သော် သစ်ရိပ်အောက်မှ ပန်းရောင်စုံခင်းက စူးစူးရဲရဲဖြင့် အေးရိပ်ကို အပူကဲစေပြန်သည်။ ထိုအပူကို မြေပြင်မှ မြက်ခင်းစိမ်းစိမ်းနှင့် သစ်ပင်ကြီး၏ စိမ်းရွက် ဖားဖားကြီးများက ထက်အောက်တစ်ဖန် ဝန်းဝိုင်းလိုက်သော်လည်း အေးရိပ်ကို မမြင်ရ။ ပန်းချီကားအမည်ကို ပြောင်းသင့်ပေသည်။

ထင်းချောင်းများအပေါ်၊မျက်နှာပေါ်မှ အလင်းရောင် ဖြာကျနေပုံမှာ တိုင်းရင်းသူတို့၏ ဘဝကို စိန်ခေါ်ကာ အနိုင်မခံ အရှုံးမပေးသော လူ့သတ္တိဖွဲ့ကို လှစ်ပြသည့် ဆရာ မြတ်မင်း၏ “တိုင်းရင်းသူ” (ဆီဆေးကား)။
[ဓာတ်ပုံ–ခင်မောင်ဝင်း (ကြေးမုံ)]

ဆရာစံဆန်း၏ ပန်းချီကားများ ရေးချက်က အများနှင့်မတူတစ်မူဆန်းနေသည်။ ဆရာတင်သွင်းသည့် ပန်းချီကားလေးကားစလုံးကို ကင်းဗတ်စအပေါ်ဇာများ ခံရေးထားသဖြင့် ကြည့်သူကို အမြင်ဆန်းသွားခြင်းဖြစ်သည်။ **ရွက်လှ**သည် အရောင်အသွေး ကြွယ်ဝမှုကြောင့် အခြားကားများထက် ကြည့်သူကို ပို၍ထင်းခနဲ မြင်စေသည်။ အဝါ ဘွဲ့ဟုဆိုက မှားအံ့မထင်။

စောတာမလာသည် ပန်းချီ၊ ပန်းပုကျောင်းမှ တတိယနှစ် ပန်းချီပန်းပုကျောင်းသားကလေးဖြစ်သည်။စောတာမလာကလည်း ပန်းချီဆရာကြီးများထဲတွင် ရဲရဲဝံ့ဝံ့ဖြင့် ပန်းချီကား လေးကားတင်သွင်းပြသခဲ့သည်။ လူငယ်ပန်းချီဆရာပီပီ အရောင်လွင်လွင်များကို သုံးထားသည်။ ဥက္ကဋ္ဌဖြစ်သူ ဦးမြတင်၏ စကားအရ ပျိုးခင်းထဲ ဝင်ရောက်စိုက်ပျိုးလာသော မျိုးဆက် သစ်ပန်းချီလူငယ်ကလေး၏ လက်ရာပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုကို တင်ပြထားသော **ပဒေါင်အဘွားအို** ပန်းချီကားကလေးက ထူးခြားသည်။

ဆရာကိုကိုအောင်နှင့် ဆရာဉာဏ်ကျယ်လေးတို့က မြန်မာတို့၏ပုဂံကို ပြန်၍လွမ်းကြသည်။ဆရာဉာဏ်ကျယ်လေး၏ **ချစ်သောသရပါ**တွင် သရပါတံခါးအနီးမှ ရဟန်းတော်များကြောင့် သရပါတံခါးကြီး၏ ခံ့ထည်မှုက ပိုမိုဝင့်ကြွားသွားသည်။ ဆရာကိုကိုအောင်ကမူ **အညာမြေပုဂံ**တွင် တစ်နေရာတည်း၌ အတူမရှိသော အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီး၊ ပြာသာဒ်တော်ကြီးနှင့် အခြားသောစေတီများကိုပန်းချီပညာဖြင့် တပေါင်းတစည်းတည်း ဖူးတွေ့နိုင်ရန် ရေးဆွဲတင်ပြထားသည်။ ပုဂံစေတီပုထိုးများ၏ ခံ့ညားမှုနှင့်အပြိုင် အနောက်ဘက်ကမ်းမှ တန့်ကြည့်တောင်ကြီးကိုပါ တစ်ပါ တည်းဖော်ပြလိုက်သောအခါ ပုဂံသည် မြန်မာ၊ မြန်မာသည်ပုဂံဟူသော အမြင်ကို ပို၍ကြည်လင်သွားစေသည်။

အေးရိပ်ပန်းချီပြပွဲသည် ပန်းချီပညာရှင်ကြီးများ၊ ပန်းချီဝါသနာရှင်များနှင့် ပန်းချီလူငယ် မျိုးဆက်သစ်တို့၏ ပန်းချီပြပွဲပင်ဖြစ်သည်။

အင်းစိန်မြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံး၏ အေးရိပ်ပန်းချီပြပွဲကို ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ပန်းချီပြခန်းတွင် ဩဂုတ် ၂၂ ရက်မှ ၃၀ ရက်ထိ ကိုးရက်တိုင်တိုင် ပြသလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။ ။ (ကြေးမုံ)

26-8) km.P65 15 26/8/03, 12:34 AM

အမေရိကန်ပြည်ထောင်စုနေ ဒေါ်ခင်မကြီး(စာရေးဆရာမ-ပတ္တမြားခင်)မိသားစုက ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ ပဓာန ဦးဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ လက္ခဏာထံမှတစ်ဆင့် လှူဒါန်းသော ဒေါ်လာသုံးသောင်းကျော်တန် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ခွဲစိတ်ပစ္စည်းတစ်စုံကို ဩဂုတ် ၁၇ ရက်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသဌာနသို့ လှူဒါန်းရာ တွဲဖက်ပါမောက္ခ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာ ဦးဝင်းမြိုင်က လက်ခံရယူစဉ်။ (၁၀၄)

ပေါင်းတည် မြတ်စွယ်တော် လှည့်လည်အပူဇော်ခံမည်

ပေါင်းတည် ဩဂုတ် ၂၂

ပေါင်းတည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၀၃)ကြိမ်မြောက် မြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲကို တော်သလင်းလဆန်း ၁၂ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့ထိ ကျင်းပမည်ဖြစ်သည်။

တော်သလင်းလဆန်း ၁၂ ရက်တွင် ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး တော်သလင်းလဆန်း ၁၃ ရက်တွင် မြတ်စွယ်တော်ကို ရတနာဆင်တော်ဖြင့် ပင့်ဆောင်၍ လှည့်လည် အပူဇော်ခံမည် ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု ယိမ်းအကနှင့် ဗုဒ္ဓဝင်နိပါတ်လှည်းပေါင်း ၅၀ ကျော် ပါဝင်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (၃၉၆)

ဩဂုတ် ၁၇ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက သက်ကြီးစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် စစ်မှုထမ်းဟောင်း သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ၌ မိုင်းဆတ်တပ်နယ်မှ ဗိုလ်မှူးချုပ် ထွန်းထွန်းက သက်ကြီးစစ်မှုထမ်းဟောင်း တစ်ဦးအား ထောက်ပံ့ကြေး ပေးအပ်စဉ်။

(ခရိုင်ပြန်/ဆက်)

ပြည်သူ့အကျိုးပြု လုပ်ရှားမှုဓာတ်ပုံ ပြပွဲ ဖွင့်ပွဲကျင်းပ

သီပေါ ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးဟောပြောပွဲနှင့် ပြည်သူ့အကျိုးပြု လှုပ်ရှားမှုဓာတ်ပုံ ပြပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၁၀ နာရီက သီပေါအထကတွင်ကျင်းပရာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်၊ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဟောပြောပွဲကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းသာလှိုင်က ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းထွန်းက မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုင်းသာလှိုင်က ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် မဂ္ဂဇင်းစာစောင်များကို လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ (၂၄၇)

ဒေးဒရဲမြို့နယ် အောင်ပွဲရဘောလုံးအသင်းနှင့် ကောက်စိုက်အသင်းတို့အား ဂုဏ်ပြုပွဲ ကျင်းပ

ဒေးဒရဲ ဩဂုတ် ၂၄

ဖျာပုံခရိုင် လေးမြို့နယ် အောင်ပွဲရ ဒေးဒရဲမြို့နယ် ဘောလုံးအသင်းနှင့် လေးမြို့နယ် ကောက်စိုက်ပြိုင်ပွဲ ပထမဆုရ ရွှေဒေးရှင်ကောက်စိုက်လုံမေအဖွဲ့တို့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထိန်လင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဖျာပုံခရိုင် မြို့နယ်အောင်ပွဲရ ဘောလုံးအသင်းနှင့် ကောက်စိုက်အသင်းတို့က မြို့နယ်ဥက္ကဋ္ဌထံ တံခွန်စိုက်ဆုဖလားကို အပ်နှင်းရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံရယူပြီး(ဓါတ်ပုံ) အောင်ပွဲရဘောလုံးအသင်းနှင့် ကောက်စိုက်လုံမေအသင်းတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အောင်ပွဲရဘောလုံးအသင်းအား အမှတ်(၂)ရပ်ကွက် ပြည်တော်သာလမ်းနေ ဒေါ်ထားထားရီက ဂုဏ်ပြုငွေကျပ်တစ်သိန်းကို ပေးအပ်သည်။ (မြို့နယ်ပြန်/ဆက်)

ဩဂုတ် ၁၀ ရက်က မြိတ်မြို့ လေဆိပ်လမ်းတစ်လျှောက် မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မော်တော်ယာဉ်လိုင်းသစ်ဖွင့်

ဩဂုတ် ၂၀ရက်က ပဲခူးတိုင်း မင်းရွာ-သနပ္ပင်-ပဲခူးမော်တော်ယာဉ်လိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို မင်းရွာဂိတ်တွင်ကျင်းပရာ သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်လေးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၄၅)

ကျေးလက်ရေရရှိရေး ကလေးစည်ပင် ဆောင်ရွက် စက်ရေတွင်း ၂၅တွင်း အောင်မြင်စွာ တူးဖော်နိုင်ခဲ့

ကလေး ဩဂုတ် ၂၃

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် လက်ထောက် အင်ဂျင်နီယာ ဦးဝင်းနွယ်တို့သည် ဆည်တောရွာတွင် လေးလက်မ စက်ရေတွင်း တူးဖော်နေမှုလုပ်ငန်းကို ဩဂုတ် ၁၉ရက်က ကြီးကြပ်ဆောင်ရွက်ကြသည်။

ကျေးရွာခုနစ်ရွာ

ကလေးစည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်း ၂၅ တွင်း အောင်မြင်စွာတူးဖော်ပေးခဲ့ပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေး နှစ်တွင်လည်း ကျေးရွာခုနစ်ရွာတို့တွင် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၅၇)

အမျိုးသမီးရေးရာ စေတနာညကျောင်းဖွင့်

တံတားဦး ဩဂုတ် ၁၀

တံတားဦးမြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အမျိုးသမီးရေးရာ စေတနာညကျောင်းဖွင့်ပွဲကို ဩဂုတ် ၁ ရက် ညနေ ၆နာရီက အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဌေးလှိုင်နှင့် တာဝန်ရှိသူများ စေတနာညကျောင်း တက်ရောက်ကြမည့် ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ကျောင်းသူများအား ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(ပြန်/ဆက်)

ယာဉ်အန္တရာယ်ကင်းဝေးရေး သတိပြုဆင်ခြင်

မောင်လှကြည်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မော်တော်ယာဉ်များသည်လည်း တစ်စ တစ်စ များပြား လာလျက်ရှိနေသည်။ မော်တော်ယာဉ် များပြားလာသကဲ့သို့ မော်တော်ယာဉ်ကို မောင်းနှင်ရသည့် ယာဉ်မောင်းသူများလည်း များပြားလာသည်။ မော်တော်ယာဉ်ကို လူတိုင်းမောင်းနှင်ခွင့်မပြုပါ။ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ သတ်မှတ်ချက်များနှင့် ပြည့်စုံပြီး ယာဉ်မောင်း ကျွမ်းကျင်မှသာ ယာဉ်မောင်းနှင်ခွင့်လိုင်စင်ရရှိပြီး မော်တော်ယာဉ်မောင်းနှင်ခွင့်ပြုပါသည်။

မော်တော်ယာဉ် မောင်းနှင်ခွင့်ရရှိသူ ယာဉ်မောင်းတစ်ဦးသည် မော်တော်ယာဉ်ဥပဒေအရ အောက်ပါတို့ကို ရှောင်ကြဉ်ကြရသည်။

(၁) ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင်မော်တော်ယာဉ်ကိုသတ်မှတ်ထားသည့်အများဆုံး အမြန်နှုန်း ထက်ပိုမို၍ မောင်းနှင်ခြင်း၊

(၂) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ မော်တော်ယာဉ်ကို မောင်းနှင်ရန် သင့်တော်ခြင်း မရှိသည့်အခါ မောင်းနှင်ခြင်း၊

(၃) ခွင့်ပြုနိုင်သည့်အလေးချိန် ထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၄) ခြေကျင် လမ်းကူးသည့် နေရာနှင့် သက်ဆိုင်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုကို ဆန့်ကျင်ခြင်း၊

(၅) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် လုံလောက်သောအကြောင်းမရှိဘဲ မော်တော်ယာဉ် စက်ကိရိယာ တစ်စိတ်တစ်ဒေသကို အနေအထားပျက်အောင်ပြုလုပ်ခြင်း၊

(၆) ယာဉ်ကိုအရမ်းမဲ့ သို့မဟုတ် ဘေးအန္တရာယ်ဖြစ်အောင် မောင်းနှင်ခြင်း၊

(၇) သေရည်သေရက် သို့မဟုတ် မူးယစ်စေတတ်သော ဆေးဝါး သောက်စား၍ မော်တော်ယာဉ် ကောင်းစွာ မထိန်းနိုင်လောက်အောင် မူးယစ်နေစဉ် မောင်းနှင်ခြင်းတို့ ဖြစ်သည်။

ဥပဒေပြဋ္ဌာန်း

မော်တော်ယာဉ်မောင်းသူတစ်ဦးသည် ယာဉ်မောင်းခွင့်လိုင်စင်ရရှိပြီးနောက် မော်တော်ယာဉ် မောင်းနှင်ရာတွင် အထက်ပါ ယာဉ်စည်းကမ်းဥပဒေများကို ရှောင်ကြဉ်လိုက်နာရသည့်အပြင် မော်တော်ယာဉ် မောင်းသူတစ်ဦးအား အောက်ပါအချက်များကြောင့် ယာဉ်မောင်းခွင့်လိုင်စင်ကို ထုတ်ပေးရန် ငြင်းဆိုခြင်း၊ ယာဉ်မောင်းလိုင်စင် ရုပ်သိမ်းခြင်း၊ ယာဉ်မောင်းလိုင်စင် လက်ရှိထားရန် အရည်အချင်း ပျက်ယွင်းကြောင်း ပြဋ္ဌာန်းခြင်း စသည်တို့ပြုလုပ်နိုင်ကြောင်း မော်တော်ယာဉ်ဥပဒေတွင် ပြဋ္ဌာန်းထားရှိပေသည်။

(က) ရောဂါ သို့မဟုတ် မသန်မစွမ်းမှုတစ်ခုခုကြောင့် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်တော်သူဟူ၍ ယုံကြည်ကျေနပ်လျှင်သော်လည်းကောင်း၊

(ခ) မော်တော်ယာဉ်မောင်းနှင်ရေးနှင့် စပ်လျဉ်း၍ ပြစ်မှုမကြာခဏ ကျူးလွန်တတ်သူ သို့မဟုတ် သေရည်သေရက် အလွန်အကျူး အမြဲတစေ သောက်စားမူးယစ်တတ်သူဟူ၍ ယုံကြည်ကျေနပ်လျှင်သော်လည်းကောင်း၊

(ဂ) ရဲအရေးယူပိုင်သော ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် မော်တော်ယာဉ်ကို အသုံးပြုလျက်ရှိသူ သို့မဟုတ် အသုံးပြုခဲ့သူဟူ၍ ယုံကြည်ကျေနပ်လျှင်သော်လည်းကောင်း၊

(ဃ) ထိုသူ၏ ယခင်မှတ်တမ်းအရ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ ပြည်သူတို့အားဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ဟူ၍ ယုံကြည်ကျေနပ်လျှင်သော်လည်းကောင်း၊

(င) မော်တော်ယာဉ် ဥပဒေအရဖြစ်သော ပြစ်မှုအတွက် သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်စပ်လျဉ်း၍ ကျူးလွန်သော ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်၍ တရားရုံးက ယာဉ်မောင်းလိုင်စင် ထုတ်မပေးရန် သို့မဟုတ် ရုပ်ဆိုင်းရန် အဆိုပြုခြင်းခံရသူဖြစ်လျှင်သော်လည်းကောင်း။

ဤကဲ့သို့ ယာဉ်စည်းကမ်း ဥပဒေများထုတ်ပြန်ပြီး ယာဉ်မောင်းများအား လိုက်နာစေခြင်း၊ ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ ရုပ်စဲခြင်း၊ အရေးယူအပြစ်ပေးခြင်း စသည့်တို့ကို သက်ဆိုင်ရာတို့မှ ဆောင်ရွက်လျက်ရှိသော်လည်း ယာဉ်တိုက်မှုများမှာ အနည်းနှင့်အများဆိုသလို ဖြစ်ပေါ်မြဲဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိနေရသည်။

မဆင်မခြင်

မော်တော်ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းများကို ဆန်းစစ်ကြည့်ပါက လူအသွားအလာ၊ စက်ချွတ်ယွင်းမှု၊ ရာသီဥတု၊ အနေ့ယာဉ်စည်းကမ်း ဖောက်ဖျက်မှု၊ သောက်စားမူးယစ်မောင်းနှင်မှုနှင့် မဆင်မခြင်မောင်းနှင်မှုတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပေသည်။ ယင်းအမျိုးအစားများထဲတွင် မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်ခိုက်မှု အများဆုံး ဖြစ်ပွားသည်ကို တွေ့ရှိရပေသည်။

စီရင်ထုံး

မဆင်မခြင် မောင်းနှင်ခြင်းသည် အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်းပင်ဖြစ်သည်။ အရမ်း သို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုဆိုသည်မှာ ဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်ရှိသော သူတစ်ဦး၏ ပြုမှုမျိုးကို မပြုလုပ်ဘဲ ပျက်ကွက်ခြင်း၊ သို့မဟုတ် တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရာ၌ ထိုကဲ့သို့သောသူမျိုး ပြုလုပ်လိမ့်မည်မဟုတ်သော ပြုမှုမျိုးကို ပြုလုပ်ခြင်းကို ဆိုလိုကြောင်း တရားစီရင်ထုံးတစ်ခုတွင် အဓိပ္ပာယ် ဖွင့်ဆိုစီရင်ထုံး ပြုထားသည်ကို မှတ်သားရဖူးသည်။

ပြဋ္ဌာန်း

မည်သည့်အရာမဆို အရမ်းသို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်လျှင် အနည်းနှင့်အများဆိုသလို တစ်ခုခုတော့ ထိခိုက် ပျက်စီးမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေတွင် အရမ်းသို့မဟုတ် ပေါ့လျော့သော (Rush or Negligent) ပြုလုပ်မှုကြောင့် လူကို နာကျင်စေလျှင်၊ လူကိုသေစေလျှင် ငွေ ဒဏ်ရော ထောင်ဒဏ်ပါ ချမှတ်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။
(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က၊ ၃၃၆၊ ၃၃၇၊ ၃၃၈)

အထူးသတိပြု

ယာဉ်စည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ မော်တော်ယာဉ်များကို အရမ်းသို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်မှုကြောင့် ယာဉ်တိုက်ခိုက်မှုများ အများဆုံး ဖြစ်ပွားရခြင်းဖြစ်ပေသည်။ ယာဉ်မောင်းသူများ၏ အရမ်းသို့မဟုတ် ပေါ့လျော့စွာမောင်းနှင်မှုကြောင့် သေကျေ၊ ဒဏ်ရာရ ပျက်စီးမှုများလည်း မကြာခဏဆိုသလို ဖြစ်ပေါ်နေသည်ကို ကြားသိမြင်တွေ့နေရသည်။ အရေးယူ အပြစ်ပေးခံရသဖြင့် ယာဉ်မောင်းရောမိသားစုပါ အတိဒုက္ခ ရောက်ကြရသည်။ ထို့ကြောင့် အရမ်းသို့မဟုတ် ပေါ့လျော့မှုသည် ယာဉ်မောင်းသူတိုင်း အထူးသတိပြုရမည့် အချက်ပင် ဖြစ်ပါသည်။

ကင်းရှင်း

